ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

သူတော်ကောင်းထံချဉ်းကပ်

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 July 2020 ၁၀၀၈၁

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမရပူရမြို့နယ် ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှုကြောင့် ဧရာဝတီမြစ်ရေဝင်ရောက်မှုအား တားဆီးပိတ်ဆို့နိုင်မှုနှင့် ကမ်းနားလမ်း ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေများ သွားရောက်ကြည့်ရှု

နေပြည်တော် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမရပူရမြို့နယ် ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှုကြောင့် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုအား တားဆီးပိတ်ဆို့နိုင်မှုနှင့် ကမ်းနားလမ်း ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် စီမံခန့်ခွဲမှုကော်မတီဝင် ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဒေါက်တာကျော်လင်း၊ တာဝန်ရှိသူများနှင့်အတူ နံနက် ၉ နာရီတွင် အမရပူရမြို့ ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြစ်ရေဝင်ရောက်မှုအား တားဆီးပိတ်ဆို့နိုင်မှုအခြေအနေ၊ ကမ်းနားလမ်းပြင်ဆင်ပြီးစီးမှု အခြေအနေ၊ မော်တော်ယာဉ်များ ပြန်လည်ဖြတ်သန်းနိုင်မည့် အခြေအနေတို့အား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လမ်းတာခိုင်ခံ့စေရေးအတွက် လတ်တလောတွင် Sheet Pile ရိုက်၍ ကျောက်ကြီးများ၊ သဲအိတ်များခင်းပြီး မော်တော်ယာဉ်များ သွားလာနိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေနှင့် မိုးကုန်ပါက တာပေါင်အား အသစ်ပြန်လည်တည်ဆောက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ကြည့်ရှု စစ်ဆေး

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ အမရပူရမြို့နယ် ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှုကြောင့် ဧရာဝတီမြစ်ရေဝင်ရောက်မှုအား တားဆီးပိတ်ဆို့နိုင်မှုနှင့် ကမ်းနားလမ်း ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ — စာမျက်နှာ » ၃

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ — စာမျက်နှာ » ၅

လင်းနို့နှင့် ထွန်းသစ်စ ကူးစက်ရောဂါများ — စာမျက်နှာ » ၆

ကြေးမုံ

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဇွန်၊ ဇူလိုင်၊ ဩဂုတ် မိုးရာသီကာလတွင် ရေကြီးရေလျှံ၊ မြေပြို၊ တောင်ပြို၊ မိုးကြိုးပစ်တတ်သည့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်နှစ်တိုင်း သတိပြုရပေသည်။ ယခုနှစ်တွင် တောင်ပြို၊ မိုးကြိုးပစ်သည့် သဘာဝဘေးအန္တရာယ်တို့ကိုကြုံတွေ့ခဲ့ရပြီး ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်တို့ကို ဆိုးဆိုးရွားရွား မကြုံတွေ့ရသေးပေ။ သို့သော် ကမ္ဘာမြေအမြင့်တွင် မိုးသည်းထန်စွာ ရွာသွန်းနေသောကြောင့် ရေကြီးရေလျှံမှုအန္တရာယ်ကို နိုင်ငံအချို့နှင့် မြန်မာပြည်အထက်ပိုင်းတွင် စတင်ကြုံတွေ့နေရပေသည်။

ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်၊ ဆင်ဘို၊ ရွှေကူ စသည့်မြို့များနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအချို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံဖြစ်မှုများ ကြုံတွေ့နေရပေသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် မြစ်ရေအမြင့်ဆုံး တက်တတ်သည့်ကာလများဖြစ်၍ အထူးသတိထားရပေမည်။ ၁၉၇၉၊ ၁၉၈၈၊ ၂၀၀၄၊ ၂၀၁၂၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်တို့နှင့် ၂၀၁၉ ခုနှစ်တို့တွင် မြစ်ချောင်းရေများ စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့သောကြောင့် အထက်ပါဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ယခုနှစ် ဇူလိုင်လအတွင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ အထက်ပိုင်းတွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် မြစ်ကမ်းဒေသ အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသော ပြည်သူများအား အထူးသတိပြုနေထိုင်ကြရန် ကြိုတင်သတိပေးနှိုးဆော်ခြင်း၊ အသိပညာပေးခြင်း၊ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအသီးသီးတို့ ပူးပေါင်း၍ ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် နေရာကွက်၍ မိုးကြီးမှုများကြောင့် ယခုရက်သတ္တတစ်ပတ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာခဲ့ရာ ရေဝင်ရောက်လာသည့် မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများကိုလည်း ထောက်ပံ့ကူညီပေးလျက်ရှိသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ယခင်ကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်များကို အခြေခံ၍ ဖြစ်ပွားတတ်သည့် ကချင်ပြည်နယ်အတွင်းရှိမြို့နယ်များ ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရ၊ စဉ့်ကိုင်၊ တံတားဦး၊ ကျောက်ဆည်၊ တောင်သာနှင့် မြစ်သားမြို့နယ်များတွင် ရေဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ လာမည့်ရက်များအတွင်း မြစ်ရေအခြေအနေ စိုးရိမ်ရေမှတ်ရောက်ရှိမည်ဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် မြစ်ရေကြီးမှု သတိပေးချက်များကို အထူးသတိပြုမှတ်သားလိုက်နာကြရန် လိုပေသည်။ သက်ဆိုင်ရာဌာနက ထုတ်ပြန်ထားသော ရေဘေးကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အချက်အလက်များကို လေ့လာသတိပြုလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေစဉ်တွင် ကိုဗစ်-၁၉ ကာလ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရန်လိုပြီး သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးပူးပေါင်း၍ တက်ညီလက်ညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပေသည်။ မိုးရွာသွန်းမှုအခြေအနေသည် လာမည့်ရက်ပိုင်းတွင် ပုံမှန်ရွာသွန်းမြဲအခြေအနေရှိလာနိုင်သောကြောင့် ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ယခုနှစ်တွင် စိုးရိမ်မှုသာလွန်ဖွယ်မရှိဟု ခန့်မှန်းရသည်။

သို့ဖြစ်ရာ ရေကြီးရေလျှံမှုများသည် ယခုကဲ့သို့ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော နှစ်စဉ်သဘာဝဘေးဖြစ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် ကျော်လွှားလွန်မြောက်နိုင်ပြီး မိုးရာသီတွင် ဖြစ်ပွားတတ်သော သဘာဝဘေး၊ ရောဂါဘေးတို့ကို သတိမပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေကြီးရေလျှံကာလတွင် လက်ရှိကြုံတွေ့နေသော ကိုဗစ်-၁၉ ရောဂါဘေးမှာလည်း မပြီးပြတ်သေးသည့် အရေးကြီးသော ရောဂါအန္တရာယ်ဖြစ်၍ ယင်းကို မျက်ခြည်မပြတ်သတိကပ်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်ထားသည့်မှာကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံခြင်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဘက်စုံမွမ်းမံခြင်း၊ ပရိယတ္တိစာအောင် ငွေပဒေသာပင်စိုက်ထူခြင်းနှင့် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အလှူတော်ငွေများ ပေးအပ်

ရန်ကုန် ဇူလိုင် ၂၁

ထာဝရငြိမ်းချမ်းရေး စေတီတော် ဘက်စုံ တည်ဆောက်အချောသတ်မွမ်းမံခြင်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ပရိယတ္တိစာအောင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားတွင် ထာဝရငြိမ်းချမ်းရေး စေတီတော် ဘက်စုံအချောသပ်မွမ်းမံခြင်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ပရိယတ္တိစာအောင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အလှူရှင် ၂၄ ဦးက ထာဝရငြိမ်းချမ်းရေး စေတီတော် ဘက်စုံတည်ဆောက် အချောသပ်မွမ်းမံခြင်းအတွက် ငွေကျပ် ၈၉၁၆ သိန်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် ငွေကျပ်သိန်း ၇၃၀၊ ပရိယတ္တိစာအောင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအတွက် ငွေကျပ် ၁၂၇၅ သိန်းနှင့် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ငွေကျပ်သိန်း ၉၁၀ စုစုပေါင်း ငွေကျပ် ၁၁၈၃၁ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

သတင်းစဉ်

ပါဠိပထမပြန်စာမေးပွဲ ဆင့်မနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဆင့်မနေ့အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်) ဆင့်မနေ့ကို စာရင်းသွင်း သံဃာနှင့်သီလရှင် စုစုပေါင်း ၂၀၆၈၆ ပါးအနက် ၁၆၇၄၁ ပါး ဖြေဆိုကြပြီး ၈၀ ဒသမ ၉၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၇-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၅၀၀	၁၀,၅၀၀	၃၇၈	၃,၉၆၉,၀၀၀
MTSH	၃,၈၀၀	၃,၈၀၀	၂,၂၈၆	၈,၆၈၆,၈၀၀
MCB	၈,၁၀၀	၈,၁၀၀	၉	၇၂,၉၀၀
FPB	၂၂,၀၀၀	၂၁,၅၀၀	၆၄	၁,၄၀၇,၅၀၀
TMH	၂,၇၅၀	၂,၇၅၀	၄၅	၁၂၃,၇၅၀
EFR	၂,၆၅၀	၂,၈၀၀	၁,၆၈၂	၄,၆၉၈,၉၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၁

ရန်ကုန်(ရွှေဈေး) ၁၂၇၄၀၀၀ မန္တလေး(ရွှေဈေး) ၁၂၇၃၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်	မန္တလေး
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၄၀/၅၇၅ ကျပ်	၅၈၅/၅၉၅ ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၅၃၀/၅၆၀ ကျပ်	၅၇၀/၅၈၀ ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၆၁၀/၆၂၅ ကျပ်	၆၇၅/၆၉၀ ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၄၈၀/၅၁၀ ကျပ်	၅၅၀/၅၆၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၇၂/၄၈၀ ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၄၈၂/၄၉၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၄၃၅/၄၄၀ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၈၈.၆
(ခ) ဥရောပ	တစ်ယူရို	=	၁၅၈၈.၈
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၈.၆၂
(ဃ) ထိုင်း	တစ်ဘတ်	=	၄၃.၈၃၂
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၅.၈၁
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၅၉၅
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၇၉.၅၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၉၉.၀၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၉၄.၁
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၆.၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆို နှစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း နှစ်ခု လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းနှင့် အရေးကြီးအဆို တစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆို နှစ်ခုတင်သွင်းခြင်း၊ ဥပဒေကြမ်း နှစ်ခု လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းနှင့် အရေးကြီးအဆို တစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၈ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း အသိပေးတင်ပြ

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၈ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၏ သက်ကြီးရွယ်အိုများအား စရိတ်ထောက်ပံ့ရာတွင် မှတ်ပုံတင်အိမ်ထောင်စုစာရင်း မပြသနိုင်သော၊ မွေးသက္ကရာဇ် မှားယွင်းနေသူများအတွက် မည်သို့ ပြန်လည်စိစစ်ထည့်သွင်းပေးမည်နှင့် နောင်အနာဂတ်တွင် သက်ကြီးရွယ်အိုများအတွက် ရေရှည်ကူညီစောင့်ရှောက်နိုင်ရန် နိုင်ငံတော်မှ မည်သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အသက်အထောက်အထားမရှိသော သက်ကြီးရွယ်အိုများနှင့် မွေးသက္ကရာဇ် မှားယွင်းနေသော သက်ကြီးရွယ်အိုများကို စိစစ်အတည်ပြု၍ ထောက်ပံ့ပေးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နောင်အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် ရန်ပုံငွေအပြည့်အဝရရှိရေး Long- term Financing Strategy ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်ရှိ ပြည်သူလူထုအတွက် သောက်သုံးရေလုံလောက်စွာရရှိရေးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပန်ဆောင်မြို့ သောက်သုံးရေရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စိစစ်ထောက်ခံမှုအပေါ် အခြေခံ၍ နောင်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေလျာထားပေးသွားမည်ကို ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၇ ရက် တွင် ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ပန်ဆောင်မြို့ သောက်သုံးရေရရှိရေးအတွက် လိုအပ်မည့် ရန်ပုံငွေအား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပန်ဆောင်မြို့သို့ လျှပ်စစ်မီးပေးဝေနိုင်ခြင်းမရှိသေးမီ ဒီဇယ်အင်ဂျင်အသုံးပြု၍ ရေဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အကြံပြုတင်ပြခဲ့ပါကြောင်း။

သို့ပါ၍ ဝန်ကြီးဌာနအနေဖြင့် ပန်ဆောင်မြို့ ပြည်သူလူထုများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် သုံးလက်မပိုက်ဖြင့် ရေသွယ်တန်းခြင်း ၄ မိုင်၊ နှစ်လက်မပိုက်ဖြင့် ရေသွယ်တန်းခြင်း ၁ မိုင် ၄ ဖာလုံ စုစုပေါင်း ၅ မိုင် ၄ ဖာလုံ ရေသွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်နှင့် ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၂၀၀၀၀ ဆံ့ ရေကန် လေးကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် ငွေကျပ် ၁၀၇ ဒသမ ၉၅၀ သန်းအား အဆိုပြုလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဖလမ်း မဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီးယန်းဗဲလ်၏ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရိခေါဒါရ်ဘဏ်ငွေတိုက်ခွဲတွင် အော်တိုတယ်လီဖုန်းလိုင်းတပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လတ်တလောတွင် မြန်မာ့စီးပွားရေးဘဏ် ရိခေါဒါရ်ဘဏ်ငွေတိုက်ခွဲအတွက် အော်တိုတယ်လီဖုန်းလိုင်း တပ်ဆင်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်တွင် ရိခေါဒါရ်မြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းလိုင်းများ တပ်ဆင်သည့်အခါ ဘဏ်ငွေတိုက်ခွဲအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို့က မိဘမဲ့နှင့် စွန့်ပစ်ခံကလေးသူငယ်များအတွက် ဖွင့်လှစ်တည်ထောင်ထားသော ဂေဟာများကို ဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းတည်ထောင်နိုင်ရေး၊ ပြုစုထိန်းသိမ်းထားသော ကလေးသူငယ်များကို စနစ်တကျ မှတ်တမ်းစာရင်းသွင်း ထိန်းသိမ်းနိုင်ရေးနှင့် မွေးစာရင်းထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာများတွင်ရှိသော ကလေးသူငယ်များ ပညာသင်ကြားမှု၊ ဘဝရပ်တည်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာကို အကြောင်းပြပြီး ကလေးသူငယ်များအပေါ် အမြတ်ထုတ်ဆောင်ရွက်နေ

ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်

ဒုတိယဝန်ကြီး
ဦးစိုးအောင်

နန်းယွန်း မဲဆန္ဒနယ်မှ
ဦးဝမ်းလှ

လဲချား မဲဆန္ဒနယ်မှ
ဦးစိုင်းဥက္ကာ

မှုများရှိ၊ မရှိကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ သိလိုခြင်းမေးခွန်း၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်၏ လိင်အကြမ်းဖက်ကျူးလွန်ခံရသော အမျိုးသမီးငယ် တစ်ပြေးညီ ပညာဆက်လက်သင်ကြားခွင့်ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနချင်း ချိတ်ဆက်ညှိနှိုင်း၍ တိကျသောမူဝါဒများ ချမှတ်ပြီး ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က လည်းကောင်း၊ ပူတာအို မဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ ပူတာအိုမြို့နယ်ရှိ ပူတာအို-နမ်ထွမ်ခူး ကျေးရွာ အုပ်စုချင်းဆက်ကျောက်ချောလမ်း ၁၄/၅ မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လမ်းအဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၏ ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာအုပ်စုတွင် အရှည်ဆုံး (၇၇x၁၂x၁၀) ပေရှိ နမ်ငွန်းနွဲ့ ချောင်းကူးတံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

အလားတူ မိုးမောက် မဲဆန္ဒနယ်မှ ဦးဝင်းအောင်၏ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သစ္စာရပ်ကွက်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာများ၌ ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ခင်းများတွင် ဖြုတ်ပိုးကျရောက်ခဲ့ပါသဖြင့် နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ၏ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို ဆိုင်းငံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၏ ရှားတော မြို့နယ်တွင် မြန်မာ့စီးပွားရေး ဘဏ်ခွဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဖြေကြားသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့ နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆို တင်သွင်း

ယင်းနောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက တောင်သူလယ်သမားဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့ နှစ်ရှည် ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသည်။

ယင်းနောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းက အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကို ရင်ဆိုင်တွန်းလှန်နေသည့်ကာလ (Response Period) တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ (Recovery Period) အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်း အထိလျှော့ချပေးနိုင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် အဆိုကိုတင်သွင်းရာတွင် ယခုအခါ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူပုဂ္ဂိုလ်လုံခြုံရေး၊ စားနပ်ရိက္ခာလုံခြုံရေး၊ စီးပွားရေးကိစ္စအပါအဝင် အရပ်ရပ်များကို ထိခိုက်လာသဖြင့် ကာကွယ်ထိန်းသိမ်းပေးရန် အစိုးရအနေဖြင့် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဗိုင်းရပ်စ်ကာလ အသေးစားလုပ်ငန်းများ လုပ်ငန်းမလည်ပတ်နိုင်၍ ဝင်ငွေလုံးဝမရှိသည့် အခြေအနေတွင် အရင်းများ ပြန်လည်ပေးဆောင်ရန် ဖြစ်နိုင်မည်မဟုတ်ပါကြောင်း၊ ချေးငွေရပ်ဆိုင်းမှုမရှိ၍ ငွေချေးထားသူများအနေဖြင့် အပြင်က အတိုးကြီးကြီးပေးပြီး ပြန်လည်ပေးဆပ်ရသည့်ဒုက္ခနှင့် ကြုံတွေ့နေရပါကြောင်း။

ထို့အတူ ကိုဗစ်အလွန် လုပ်ငန်းပြန်လည်ထူထောင်ရေးကာလတွင်လည်း အတိုးနှုန်းများကို မူလအတိုင်းထားရှိပါက လုပ်ငန်းများ မူလအခြေအနေသို့ မရောက်မီ ချေးငွေရယူထားသော ပြည်သူများအတွက် အတိုးကြောင့် ဝန်ပိနိုင်ပါသဖြင့် ပြန်လည်ထူထောင်ရေးကာလတစ်ခု သတ်မှတ်ကာ ထိုကာလအတွင်း အတိုးနှုန်းကင်းလွတ်ခွင့် သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ အတိုးကို လျှော့ချပေးခြင်းဖြင့် ပြည်သူနှင့်အစိုးရကို အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကူညီသင့်သည်ဟု မြင်မိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစားချေးငွေလုပ်ငန်းကို လုပ်ကိုင်နေသော ကုမ္ပဏီများမှ ချေးယူထားကြသည့် ပြည်သူများအတွက် အကြွေးနှင့် အတိုး ဝန်ပိမှုမရှိစေရန် အလေးထားစဉ်းစားဆောင်ရွက်သင့်ပါကြောင်း။

သို့ပါ၍ COVID-19 ရောဂါ ကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးထိခိုက်နေသည့် အခြေအနေများကို ကုစားနည်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာတွင် COVID-19 ရောဂါ နောက်ဆက်တွဲ ဂယက်ကြောင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှု နည်းနိုင်သမျှ နည်းပါးရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသည့် CERP လုပ်ငန်း အစိတ်အပိုင်းတစ်ခုအနေဖြင့် ငွေချေးထားသော ပြည်သူများက ချေးငွေများကို ပြန်လည်ပေးဆပ်ခြင်းကို ကာလတစ်ခု သတ်မှတ်ရပ်နားထားသင့်ပါကြောင်းနှင့် အတိုးနှုန်းထားကိုလည်း ပြန်လည်ထူထောင်ရေးကာလတစ်ခုအတွင်း ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အတိုးကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချကောက်ခံပေးသင့်ပါကြောင်း နိုင်ငံတော်တာဝန်ရှိ အဖွဲ့အစည်းများက အသေးစိတ်ငွေချေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အသေးစားငွေရေးကြေးရေးဥပဒေကြမ်းနှင့်

စာမျက်နှာ ၄ သို့ ○

☆ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် အမရပူရမြို့မှ ထွက်ခွာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဇူလိုင် ၁၉ ရက် ညနေပိုင်းတွင် ဧရာဝတီမြစ်ရေစတင်စိမ့်ဝင်ခဲ့ပြီး ရွှေဂုံရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှုနှင့် ကမ်းနားလမ်းပြိုကျမှု ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် Poly Felt များကာ၍ သဲအိတ်ဖိခြင်းလုပ်ငန်းများနှင့် ကျောက်ကြီးများဖြင့် လမ်းတာဖို့ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ မော်တော်ယာဉ်များ ပုံမှန်ပြန်လည် ဖြတ်သန်းမောင်းနှင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၃ မှ

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အရေးတကြီးကိစ္စရပ်တစ်ခုကို ဆွေးနွေးရန် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ဥက္ကဋ္ဌထံ စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးတင်ပြလာပါကြောင်းပြောကြားပြီး အဆိုကို ဖတ်ကြားတင်ပြရာတွင် သို့ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ နေပြည်တော်၊ အကြောင်းအရာ အရေးကြီးအဆိုတင်သွင်းခြင်းကိစ္စ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်၊ အထက်ပါကိစ္စရပ်နှင့် ပတ်သက်၍ ပြည်ပရောက် မြန်မာနိုင်ငံအလုပ်သမားများ အထူးသဖြင့် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများသည် ရွေးကောက်ပွဲအမီ မိမိစိတ်ဆန္ဒအရ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ပြန်လည်ခေါ်ဆောင်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းအပ်ပါကြောင်း။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသား အလုပ်သမားများသည် ကမ္ဘာ့ကပ်ရောဂါ COVID-19 အခြေအနေကြောင့် ပြည်တွင်းသို့ လမ်းကြောင်းမျိုးစုံတို့ဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိပါကြောင်း၊ သို့ရာတွင် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားများသည် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲမျိုးစုံကြုံတွေ့နေရပြီး မြန်မာနိုင်ငံသား ၁၀ ဦးသည် မိမိကိုယ်ကိုသတ်သေခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပြီး မြန်မာနိုင်ငံသားအလုပ်သမား နှစ်သောင်းကျော်သည် မြန်မာနိုင်ငံသို့ ပြန်လာရန် သံရုံးသို့ စာရင်းပေးထားကြောင်း သိရှိရပါကြောင်း၊ လေယာဉ်ဖြင့်ပြန်လာရန် နှောင့်နှေးကြန့်ကြာမှုများလည်း ဖြစ်ပေါ်နေကြောင်းကိုလည်း သိရှိရပါကြောင်း။

မြန်မာ့တပ်မတော်တွင် လူအင်အား ၁၀၀၀ ခန့် သယ်ဆောင်နိုင်သည့် မုတ္တမစစ်ရေယာဉ်ကဲ့သို့ ဘက်စုံရေယာဉ်များရှိပြီး တပ်မတော်အနေဖြင့်လည်း COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း ပြောထားပြီး လက်တွေ့ကူညီဆောင်ရွက်ပေးလျက်ရှိပါသဖြင့် မြန်မာနိုင်ငံသို့ ပြန်လာရန် စောင့်ဆိုင်းနေသော မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား နှစ်သောင်းကျော်အား တပ်မတော်ရေယာဉ်၊ လေယာဉ်များ အသုံးပြု၍ ရွေးကောက်ပွဲအမီ ပြန်လည်ခေါ်ဆောင်နိုင်ရေး၊ နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါကြောင်း။

အလားတူ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများသည်လည်း မြန်မာနိုင်ငံသို့ ပြန်လာရန် MAI နှင့် MNA လေကြောင်းလိုင်းများဖြင့် သယ်ဆောင်ပေးနေသော်လည်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသဖြင့် မြန်မာ့တပ်မတော် သယ်ယူပို့ဆောင်ရေးလေယာဉ်များအသုံးပြု၍ ရွေးကောက်ပွဲအမီ မိမိဆန္ဒအရ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ပြန်လည်ခေါ်ဆောင်နိုင်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင် ရာ နည်းဥပဒေ ၁၆၃၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၂)အရ အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံဖြစ်သော ၁၄၄ ဦးက ထောက်ခံပါက ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူသည်ဟု မှတ်ယူမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မတ်တတ်ရပ်၍ ဆန္ဒမဲပေးသည့် နည်းလမ်းဖြင့် ဆုံးဖြတ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အရေးကြီးအဆိုအား လက်ခံရန် သင့်၊ မသင့် မတ်တတ်ရပ် ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၂၅ ဖြစ်၍ ထောက်ခံသူဦးရေသည် ၁၄၄ ဦးမရှိသည့်အတွက် အရေးကြီးအဆိုအား လက်ခံဆွေးနွေးရန် မရှိကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇူလိုင် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မဟာနာယကကျောင်းတော်ကြီး ဘုရားကျောင်းဆောင်နှင့် ဆွမ်းစားဆောင်တိုးချဲ့ခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း ရေစက်သွန်းမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေမဟာနာယကကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မဟာနာယကကျောင်းတော်ကြီးရှိ ဘုရားကျောင်းဆောင်နှင့် ဆွမ်းစားဆောင်သုံးထပ်အဆောက်အအုံ တိုးချဲ့ဆောက်လုပ်လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း ရေစက်သွန်းမင်္ဂလာအခမ်းအနားကို အဆိုပါ မဟာနာယကကျောင်းတော်ကြီး ဘုရားကျောင်းဆောင်၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်ကြည်ညိုသည်။

ပရိတ်တရားနာယူ

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်မိသားစုက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက မဟာနာယကကျောင်းတော်ကြီး ဘုရားကျောင်းဆောင်နှင့် ဆွမ်းစားကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် သိန်း ၁၅၀၀ ကျော် လှူဒါန်းခဲ့သည့် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းဖေနှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့် (နိုင်မိသားစုဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး) မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာ ရေစက်သွန်းတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်မိသားစုတို့က နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး တိုးချဲ့ဘုရားကျောင်းဆောင်၊ ဆွမ်းစားကျောင်းဆောင်သုံးထပ် အဆောက်အအုံကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ယူဆောင်ရွက်နေသည့် တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက အိမ်ရာဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အိမ်ရာများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဝန်ထမ်းမိသားစုများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်စေရေး၊ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုဆောက်လုပ်လျက်ရှိသော အိမ်ရာသည် သာသနာရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောက်လုပ်လျက်ရှိသော အရာထမ်းအိမ်ရာ (၁၁၂ x ၄၀ x ၄၈)ပေ လေးခန်းတွဲ RC လေးထပ်နှင့် အမှုထမ်းအိမ်ရာ (၉၀ x ၄၀ x ၄၈)ပေရှိ ခြောက်ခန်းတွဲ RC လေးထပ်အဆောက်အအုံများဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ (၂၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့(၂၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

သြဝါဒကထာ မြွက်ကြား

အစည်းအဝေးတွင် သဘာပတိ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရက အဖွင့်သြဝါဒကထာ မြွက်ကြားပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက (၂၆)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို လျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရက နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့က ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ ညီညွတ်ရေးဆိုတာ ဘာအတွက်ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နှင့်ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက်ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ ညီညွတ်ရမှာလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့တိုင်းသူပြည်သားတွေကို နှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့က ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် ဒါတွေကိုရအောင်၊ အဲဒီလိုတူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းသည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်]

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ၏ ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုများ သန့်ရှင်းသော သောက်ရေနှင့်သုံးစွဲရေ လုံလောက်စွာရရှိရေးအတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ရေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်မည်မျှသုံးစွဲခဲ့သည်များကို သိရှိလိုခြင်းနှင့် နှစ်စဉ်သန့်ရှင်းသော သောက်ရေနှင့်သုံးရေ မည်မျှတိုးတက်မှု ရှိသည်ကို မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရှိလိုခြင်း မေးခွန်းတို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ စုစုပေါင်း လျှိုပိတ်ဆည် ၄၇ ခုကို ငွေကျပ် ၁၆ ဒသမ ၄၈၅ ဘီလီယံဖြင့် ဆောင်ရွက်မှုရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာရေရရှိရေး လုပ်ငန်းစုစုပေါင်း ၂၇၉၆ ခု၊ ရန်ပုံငွေကျပ် ၁၉ ဒသမ ၅၂၅ဘီလီယံဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ဦးစီးဌာနနှစ်ခုပေါင်း ဆောင်ရွက်နိုင်ခဲ့သည့် ပမာဏအနေဖြင့် ၃၆ ဒသမ ၀၁ ဘီလီယံဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် လျှိုပိတ်ဆည်များ တည်ဆောက်ခြင်း၊ မြေပေါ်မြေအောက် ရေအရင်းအမြစ်များ ဖော်ထုတ်ပြီး စက်ရေတွင်းများ တူးဖော်ပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းသောသောက်သုံးရေနှင့်သုံးစွဲရေရရှိရေးအတွက် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများပူးပေါင်းပြီး ရေသန့်စင်ခြင်းလုပ်ငန်းနှင့် ရေပိုက်သွယ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

Rainy Season Data အရ ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၏ ရေကောင်းရေသန့်ရရှိမှုသည် ၄၅ ရာခိုင်နှုန်းအထိ ရရှိခဲ့

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အရ ရခိုင်ပြည်နယ်တွင် ရေကောင်းရေသန့်ရရှိမှုသည် ၃၇ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ World Bank နှင့် UNDP တို့ ပူးပေါင်းကောက်ယူခဲ့သည့် Myanmar Living Conditions Survey (MLCS – 2017) မှ Rainy Season Data အရ ၂၀၁၇ခုနှစ်တွင် ရခိုင်ပြည်နယ်၏ ရေကောင်းရေသန့်ရရှိမှုသည် ၄၅ ရာခိုင်နှုန်းအထိ ရရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၉ခုနှစ်တွင် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူပြီး ဖြစ်သည့်အတွက် ပြည်နယ်မှ ရေကောင်းရေသန့်ရရှိမှု အချက်အလက်များကို မကြာမီထုတ်ပြန်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖုန်ကကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် စာသင်ဆောင် မလုံလောက်ပါသဖြင့် ပေ(၉၀ x ၃၀) အုတ်ညှပ် Steel Structure ဖြင့် ဆောက်လုပ်နိုင်ရေး ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ထန်တလန်မြို့နယ် ဖုန်ကကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လက်ရှိကျောင်းဆောင်နှင့် ကျောင်းသားဦးရေအရ လုံလောက်မှုတမှုရှိသေးသည့် အတွက် ၂၀၂၀ - ၂၀၂၁ဘဏ္ဍာနှစ် တည်ဆောက်ရေးစီမံကိန်း လျာထားချက် စာရင်းတွင် မပါဝင်သေးပါကြောင်း၊ သို့သော် နောင်လာမည့် ဘဏ္ဍာရေးနှစ် ဖြစ်သည့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျောင်းသားဦးရေ တိုးတက်များပြားမှု အပေါ် မူတည်၍ ရန်ပုံငွေလျာထားဆောင်ရွက်နိုင်ရေး ထပ်မံစိစစ် ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ၏ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ထိန်းခေါင်းကျေးရွာအုပ်စု ၊လုံနူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် တိုင်ဝကျေးရွာအုပ်စု၊ ဂဏန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းဆောင်သစ်ပေ (၁၂၀ x ၃၀) RC နှစ်ထပ်အား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

ချင်းပြည်နယ်
မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း

ရခိုင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ

အဆိုပါ ကျောင်းနှစ်ကျောင်း၏ ကျောင်းဆောင်များ အခြေအနေအနေဖြင့် တစ်တန်းလျှင် ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့် ၂၀ ဝန်းကျင်သာ ရှိသေးပါကြောင်းနှင့် နယ်မြေလုံခြုံရေးအခြေအနေအရ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ထို့ကြောင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေထပ်မံစိစစ်လျာထား၍ လိုအပ်သည်များကို ချက်ချင်းဖြည့်ဆည်းပေးရန် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၏ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ကုန်းပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင်များအား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကုန်းပြင်အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ဆောင်ဖျက်သိမ်း၍ ပေ (၁၃၀ x ၃၀) RCC နှစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်၏ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်ထည့်သွင်း လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ရွာရှည်ကျေးရွာအုပ်စု၊ ထန်းတောကျေးရွာ ကွင်းအမှတ် (၇၆၃ - ခ)၊ အိုမကွင်း ဦးပိုင်အမှတ်(၈၅)၊ ဧရိယာ(၃ ဒသမ ၈၀)ဧက ပုံစံ (၇) ရရှိထားသော လယ်ယာမြေကို ခွင့်ပြုချက် မရဘဲ အခြားနည်းသုံးသဖြင့် ၂၀၁၇ ခုနှစ်က အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီသို့ တိုင်ကြားရာ ကော်မတီ၏ အကြံပြုချက်များကို အမျိုးသားလွှတ်တော်ရုံးက သက်ဆိုင်ရာသို့ ပေးပို့ခဲ့သောကြောင့် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ တရားစွဲခဲ့ပြီး ဆိုင်ရာတရားရုံးက ထောင်ဒဏ် အပြစ်ပေးခဲ့သော်လည်း ကျူးလွန်ခဲ့သူအား လယ်ယာမြေထဲမှ ဖယ်ရှားခြင်း မပြုခဲ့သည့်အတွက် ဆက်လက်၍ ထပ်မံကျူးလွန်နေသည်ကို ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဆက်လက်အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးခွန်း နှင့်ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ စောသန်းထွဋ်၏ ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စုနှင့် မြိုင်ကလေးကျေးရွာအုပ်စုရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဘိလပ်မြေ စက်ရုံတည်ဆောက်ရန် သိမ်းဆည်းခဲ့ပြီး စီမံကိန်း လုပ်ငန်းများ မဆောင်ရွက်သော မြေများအား ပြန်လည်စွန့်လွှတ်ရာတွင် မူလ ဒေသခံတောင်သူများကို ပြန်လည်ပေးအပ်မှုမရှိသည့် ကိစ္စနှင့်စပ်လျဉ်း၍ သိရှိလို သည့်မေးခွန်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ သည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ “ မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှု” အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ဆွေးနွေးရာတွင် အစီရင်ခံစာ၏ ရည်ရွယ်ချက်၊ သုတေသနလုပ်ငန်းစဉ်၊ တွေ့ရှိသုံးသပ်ချက်နှင့် အကြံပြုချက်များသည် လက်ရှိတွေ့ကြုံနေရသည့် အခြေအနေများအပေါ်တွင် ထင်ဟပ်မှုရှိနေပါကြောင်း၊ အဆိုပါ အကြံပြုချက်များကို သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူ အားလုံးအနေဖြင့် တာဝန်သိစိတ်ဖြင့် ပူးပေါင်းအကောင်အထည် ဖော်မည်ဆိုပါက နိုင်ငံနှင့် ပြည်သူအတွက်များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်ရှိမြန်မာနိုင်ငံတွင် ချမှတ်ထားသည့် စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက် COVID နှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် CERP အကောင်အထည်ဖော်ရာတွင်လည်း ယင်းအစီရင်ခံစာပါ တွေ့ရှိသုံးသပ်ချက်များနှင့် အကြံပြုချက်များကို အသုံးပြုမည်ဆိုပါက ပို၍အကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကျင့်သုံး၍ စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ နည်းစနစ်တကျဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ဓာတ်မြေဩဇာသုံးစွဲခြင်းမှအစ စနစ်တကျ ကိုင်တွယ်သုံးစွဲမည်ဆိုပါက ဓာတုဓာတ်ကြွင်း လျှော့ချမှုကို များစွာအကျိုးသက်ရောက်မှုရှိစေမည်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဓာတ်ကြွင်းများ၏ ဘေးထွက်ဆိုးကျိုးများသည် လူထုကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ဆိုးရွားစွာ ဖြစ်ပေါ်စေပါကြောင်း၊ ဓာတုဓာတ်ကြွင်းများ လျှော့ချနိုင်ရန်အတွက် ကော်မတီ၏ အကြံပြုချက်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးရန်ဟူ၍ ပါဝင်ပါကြောင်း၊ ယင်းစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း များ ကျင့်သုံး၍ စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ နည်းစနစ်တကျ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ဓာတ်မြေဩဇာသုံးစွဲခြင်းမှအစ စနစ်တကျ ကိုင်တွယ်သုံးစွဲမည်ဆိုပါက ဓာတုဓာတ်ကြွင်းလျှော့ချမှုကို များစွာ အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ယင်းအစီရင်ခံစာကို ကော်မတီ အနေဖြင့် (၁)နှစ်ခန့် အချိန်ယူရေးဆွဲထားခြင်း ဖြစ်ပါကြောင်းနှင့် လေးနက်စွာ အကြံပြု ဆွေးနွေးသွားကြသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇူလိုင် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

လင်းနို့နှင့် ထွန်းသစ်စ ကူးစက်ရောဂါများ

ကူးစက်ရောဂါများ (Infection diseases) သည် မကူးစက်နိုင်သောရောဂါများ (ဥပမာ- သွေးတိုးနှင့် ဆီးချိုရောဂါ)နှင့်မတူဘဲ ခန့်မှန်းရခက်ကာ ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့စေနိုင်ပါသည်။ လွန်ခဲ့သော ရာစုနှစ်အတွင်း တစ်ဟုန်ထိုး တိုးတက်လာသော ဆေးပညာနှင့် ရောဂါရှာဖွေရေးစနစ်များကြောင့် ကူးစက်ရောဂါအများစုကို ယခုအချိန်တွင် ကာကွယ်၊ ကုသနိုင်ရုံသာမက အမြစ်ပြတ်သည်အထိ ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ သို့ရာတွင် ထိုတိုးတက်လာသော သိပ္ပံနှင့် နည်းပညာများကြောင့် ဆက်နွှယ်၍ ဖြစ်ပေါ်လာသော ပြောင်းလဲမှုများ (ဥပမာ-မွေးမြူရေးစနစ်နှင့် စက်မှုလုပ်ငန်းများ တိုးတက်လာခြင်း၊ သယ်ယူပို့ဆောင်မှု မြန်ဆန်လာခြင်း၊ မြို့ပြစနစ်ထွန်းကားလာခြင်း)၊ သစ်တောပြုန်းတီးမှုများနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ကူးစက်ရောဂါများ၏ ခြိမ်းခြောက်မှုသည် ယခင်ထက်ပို၍ ကြီးမားလာခဲ့သည်။ စင်စစ်သုတေသီများက ကမ္ဘာတစ်ဝန်းတွင် ထွန်းသစ်စ ကူးစက်ရောဂါများ (Emerging infectious diseases-EID) ကိုဆန်းစစ်ရာ၌ ဖြစ်ပေါ်မှုနှုန်းမှာ ပုံမှန်တိုး၍ တွေ့ရှိရကြောင်း ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေသော "Nature" စာစောင်၌ ဖော်ပြခဲ့သည်။ ထိုထွန်းသစ်စ ကူးစက်ရောဂါများ၏ ၇၅ ရာခိုင်နှုန်းခန့်မှာ တိရစ္ဆာန်များမှ လူသို့ကူးစက်သောရောဂါများ (Zoonoses)ကြောင့် ဖြစ်သည်။ ထိုကူးစက်ရောဂါများကို သယ်ဆောင်သော တိရစ္ဆာန်များအနက် ၇၀ ရာခိုင်နှုန်းခန့်မှာ တောရိုင်းတိရစ္ဆာန် (အထူးသဖြင့် လင်းနို့) များဖြစ်သည်။ လင်းနို့များသည် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် ရောဂါပိုးမျိုးကွဲများစွာကို သဘာဝအတိုင်းသယ်ဆောင်ပြီး ရှင်သန်နိုင်သည့် (natural reservoirs) သတ္တဝါအဖြစ် တိုး၍ အသိအမှတ်ပြုခံလာရသည်။

တစ်မူထူးတဲ့ ထိုလင်းနို့

နို့တိုက်သတ္တဝါများအနက် လင်းနို့တစ်မျိုးတည်းကသာ စစ်မှန်သော ပျံသန်းမှု (powered flight) ပြုလုပ်နိုင်သည်။ လင်းနို့များသည် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ လွန်ခဲ့သော နှစ်သန်းပေါင်း ၅၀ ခန့်ကတည်းက ရှင်သန်ခဲ့သော သတ္တဝါဖြစ်ပြီး လက်ရှိအချိန်တွင် အန္တာတိကတိုက်မှလွဲ၍ ကမ္ဘာတစ်ဝန်း၌ မျိုးစိတ် (species) ပေါင်း ၁၃၀၀ ကျော်တိုင်အောင် ပြန့်ပွားကာတွေ့ရသဖြင့် ကြွက် (rodents) မျိုးများပြီးလျှင် ဒုတိယမြောက်မျိုးစိတ်အများဆုံးရှိသော နို့တိုက်သတ္တဝါ ဖြစ်သည်။

အရွယ်အစားအားဖြင့် မျိုးစိတ်ကိုလိုက်ပြီး နှစ်ဂရမ်မှ နှစ်ကီလိုဂရမ်အထိ ရှိနိုင်သော လင်းနို့များကို အကြီးစားလင်းနို့ (megabats)နှင့် အသေးစားလင်းနို့ (microbats) ဟူ၍ ယခင်က အုပ်စုနှစ်စုခွဲထားသော်လည်း ယခုအခါတွင် မျိုးရိုးဗီဇအချက်အလက်များအပေါ်မူတည်၍ Yinpterochiroptera (အကြီးစားလင်းနို့များနှင့် အသေးစားလင်းနို့များမှ မိသားစု ငါးခု) နှင့် Yangochiroptera (ကျန်အသေးစားလင်းနို့များ) ဟူ၍ အုပ်စုခွဲထားပါသည်။

လင်းနို့၏အတောင်သည် ငှက်များနှင့် အင်းဆက်များ၏ အတောင်များကဲ့သို့ တောင့်တင်းခိုင်မာသောအရာ (Keratin နှင့် Chitin) များနှင့် တည်ဆောက်ထားခြင်းမဟုတ်ဘဲ လက်ချောင်းကလေးများအကြားရှိ အရေပြားဖြင့် တည်ဆောက်ထားသောကြောင့် နူးညံ့ပျော့ပျောင်းကာ လိုသလို ဆွဲဆန့်နိုင်ပြီး ပတ်ဝန်းကျင်၏ ထိတွေ့မှုကိုလည်း လွယ်ကူစွာခံစားနိုင်ပါသည်။

လင်းနို့များသည် အရွယ်အစားတူသော အခြားကုန်းနေ နို့တိုက်သတ္တဝါများနှင့် နှိုင်းယှဉ်လျှင် အသက်ရှင်မှု သက်တမ်းအလွန်ရှည် (၃ ဒသမ ၅ ဆခန့်ပိုရှည်) ကြောင်း တွေ့ရသည်။ ပျံသန်းနိုင်ခြင်းကြောင့် သူတို့ကို အန္တရာယ်ပြုမည့်သားကောင် (Predators)များ၏ ရန်မှ လွတ်မြောက်ကာ အသက်ပိုရှည်ရခြင်းဖြစ်မည်ဟု ယူဆနိုင်သော်လည်း အရွယ်အစားတူ ငှက်များထက်လည်း ပို၍အသက်ရှည်နေသည်ကို တွေ့ရပြန်သည်။ ဥပမာအားဖြင့် Myotis brandtii လင်းနို့၏ သက်တမ်းမှာ ၄၁ နှစ် ဖြစ်သော်လည်း ထိုလင်းနို့နှင့် အရွယ်အစားတူသော Selasphorus platycerus ငှက်မျိုး၏ သက်တမ်းမှာ ၁၄ နှစ်ခန့်သာ ဖြစ်သည်။

လင်းနို့များသည် သဘာဝအားဖြင့် နေ့အချိန်တွင် လိုဏ်ဂူများ၊ သစ်ခေါင်းများနှင့် အဆောက်အအုံများတွင် နားနေပြီး ညအချိန်တွင် ပျံသန်းကာ သစ်သီးနှင့် ပန်းဝတ်ရည်များ သို့မဟုတ် အင်းဆက်ပိုးမွှားများကို စားသုံးလေ့ရှိသည်။ ထိုသဘာဝကြောင့် လင်းနို့များသည် သူတို့ကျင်လည်ရာ ပတ်ဝန်းကျင်၌ မျိုးစိတ်ဖြန့်ကြဲခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ပိုးမွှားများသုတ်သင်ခြင်း (ရောဂါသယ်ပိုးမွှားနှင့် သီးနှံဖျက်ပိုးမွှားများ)နှင့် သဘာဝမြေဩဇာ ထုတ်လုပ်ပေးခြင်းများပြုလုပ်ကာ စိုက်ပျိုးရေးကဏ္ဍနှင့် ဂေဟစနစ် (ecosystem) ထိန်းသိမ်းရေးအတွက် အကျိုးပြုနေသော သတ္တဝါဖြစ်သည်။

တစ်ဖက်တွင်မူ တိုး၍တွေ့ရှိလာသော သုတေသနရလဒ်များအရ လင်းနို့တွင် လူနှင့်အခြား တိရစ္ဆာန်များအတွက် ရောဂါဆိုးများဖြစ်စေသော ရောဂါပိုးများစွာ (အထူးသဖြင့် ဗိုင်းရပ်စ်) သယ်ဆောင်နေကြောင်း တွေ့ရှိရသည်။ ထူးခြားသည်မှာ လင်းနို့များက ရောဂါပိုးများစွာ သယ်ဆောင်နေသော်လည်း ထိုပိုးများနှင့် သက်ဆိုင်သည့် ရောဂါလက္ခဏာများ လင်းနို့တွင် မတွေ့ရခြင်းပင် ဖြစ်သည်။

လင်းနို့တွင်တွေ့ရသော ရောဂါပိုးများ

၁၉၁၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ လင်းနို့တွင် တွေ့ရသော Lyssavirus ပိုးကြောင့် လူသားများတွင် ခွေးရူးရောဂါ (rabies) ရရှိကြောင်း မှတ်တမ်းတင်ထားခဲ့သည့်အတွက် လင်းနို့မှဆင်းသက်လာသော ရောဂါပိုးနှင့် လူသားများထိတွေ့မှုမှာ ရာစုနှစ်တစ်ခုပင် ကျော်လာခဲ့ပြီဟု ဆိုနိုင်ပေသည်။ ၁၉၉၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံရှိ လင်းနို့များမှ Hendra Virus ပိုးကြောင့် လူနှင့် မြင်းများတွင် အလွန်ပြင်းထန်သော ရောဂါသစ်တစ်မျိုး ဖြစ်ပွားခဲ့ရာမှစ၍ လင်းနို့များကို တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါအပြင်းစားများ (virulent Zoonotic infections) သိုလှောင်သယ်ဆောင်သော လက်ခံကောင် (reservoir host) အဖြစ် တိုး၍လက်ခံလာကြသည်။

လင်းနို့များတွင်ရှိသော ရောဂါပိုး (pathogen) များကို စစ်ဆေးရာတွင် လူနှင့် တိရစ္ဆာန်များကိုကူးစက်ကာ ရောဂါဖြစ်စေနိုင်သော ဗိုင်းရပ်စ်၊ ဗက်တီးရီးယား၊ မှို (fungus) နှင့် ကပ်ပါးကောင်များကို တွေ့ရသည်။ သို့သော် လင်းနို့ရှိ ဗိုင်းရပ်စ်ပိုးများမှ ဖြစ်လာသည့် ရောဂါသစ်များမှလွဲ၍ ကျန်သောရောဂါပိုးများကြောင့် ဖြစ်သောရောဂါများကို ယခုအခါတွင် ကုသ၊ ထိန်းချုပ်နိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ဤဆောင်းပါးတွင် ဗိုင်းရပ်စ်ပိုးများကိုသာ အလေးပေးဖော်ပြပါမည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၆၉ နိုင်ငံမှ လင်းနို့မျိုးစိတ်ပေါင်း ၁၉၆ မျိုးတွင် တွေ့ရသော ဗိုင်းရပ်စ်ပိုးများကို စာရင်းပြုစုရာတွင် ဗိုင်းရပ်စ်မိသားစု (viridae) ၂၃ ခုမှ ဗိုင်းရပ်စ်မျိုးစိတ်ပေါင်း ၄၁၀၀ ကျော်ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုဗိုင်းရပ်စ်များထဲမှ လူနှင့်တိရစ္ဆာန်များတွင် ထွန်းသစ်စ ကူးစက်ရောဂါ (EID) ဖြစ်ပေါ်လာစေနိုင်သည့် ဗိုင်းရပ်စ်မိသားစု သုံးစုအကြောင်း အနည်းငယ်ဖော်ပြလိုပါသည်။

Paramyxovidae: ဤမိသားစုမှ Hendra ဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှု (outbreak) ကို ပထမဆုံးအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ Brisbane မြို့၌ တွေ့ရှိခဲ့ပြီး လူနှစ်ဦးနှင့် မြင်း ၂၁ ကောင် အသက်ဆုံးရှုံးခဲ့ရသည်။ တခြားမိသားစုဝင်ဖြစ်သော Nipah ဗိုင်းရပ်စ်သည်လည်း ၁၉၉၉ ခုနှစ်၌ တောင်နှင့်အရှေ့တောင်အာရှဒေသရှိ လူနှင့် ဝက်များကို ဖျားနာစေခဲ့ပြီး ရောဂါရှင်းလင်းရန်အတွက် ဝက်ကောင်ရေ တစ်သန်းကျော်ကို သုတ်သင် (cull) ခဲ့ရသည်။

Filoviridae: လူအုပ်စုတွင် လူနှင့် မျောက်အနွယ်ဝင်တိရစ္ဆာန်များကို အဖျားတက်၍ သွေးယိုစီးမှုဖြစ်ကာ သေစေနိုင်သော Ebola နှင့် Marburg ဗိုင်းရပ်စ်ပိုးများ ပါဝင်သည်။

Coronaviridae: ကျန်အုပ်စုအတွင်းရှိ လူသိများသော ဗိုင်းရပ်စ်များမှ Severe acute respiratory syndrome coronavirus (SARS-CoV)၊ Middle East respiratory syndrome coronavirus (MERS- CoV) နှင့် ယခုလက်ရှိအချိန်တွင် ကပ်ရောဂါအဖြစ် ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ (SARS-CoV-2) တို့ဖြစ်သည်။ ကျန်ဗိုင်းရပ်စ်ပိုးများသည် ကြွက်၊ ငှက်များနှင့် နို့တိုက်သတ္တဝါများ၏ အသက်ရှူလမ်းကြောင်းကို ထိခိုက်မှုဖြစ်စေသည့် ဘီတာ Corovavirus (ဘီတာ CoV) အုပ်စုဝင်ပိုးများ ဖြစ်သည်။

လင်းနို့တွင်ရှိသော ဗိုင်းရပ်စ်ပိုးများသည် လူနှင့်တိရစ္ဆာန်များအကြား အလွယ်တကူ ကူးစက်ရှင်သန်နိုင်သော ရောဂါပိုးအဖြစ် အသွင်ပြောင်းလာပါက အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါဆိုးကြီးဖြစ်လာနိုင်ကြောင်းမှာ ထင်ရှား။ ယခုအချိန်တွင် လင်းနို့များရှိ ဗိုင်းရပ်စ်ပိုးအသစ်များစွာကို မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် တွေ့ရှိထားပြီဖြစ်။ စင်စစ် မြန်မာနိုင်ငံရှိ လင်းနို့များတွင် တွေ့ရှိခဲ့သော Coronavirus များထဲမှ သုံးမျိုးသည် ကြောက်စရာကောင်းသော SARS၊ MERS နှင့် ကိုဗစ်-၁၉ ရောဂါများနှင့်အုပ်စုတူသော ဘီတာ Coronavirus (ဘီတာ-CoV)များဖြစ်သည်ကို သတိချပ်သင့်။

SARS ရောဂါသည် ၂၀၀၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့ပြီး နိုင်ငံပေါင်း ၃၇ နိုင်ငံရှိ လူဦးရေ ၈၀၉၈ ဦးသို့ ကူးစက်ခဲ့ကာ ၇၇၅ ဦး (သေနှုန်း ၁၀ ရာခိုင်နှုန်းခန့်) သေဆုံးခဲ့ရသည်။ ၂၀၀၄ ခုနှစ်တွင် ရောဂါကူးစက်မှု အဆုံးသတ်ခဲ့သည်။ လင်းနို့ရှိ SARS-CoV များသည် ကြားလက်ခံကောင် (Intermediate host) ကြောင်ကတိုး (Palm civet) မှတစ်ဆင့် လူများသို့ ကူးစက်ခဲ့ခြင်းဖြစ်သည်။

MERS ရောဂါသည် ၂၀၁၂ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံမှစတင်၍ ဖြစ်ပွားခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ နိုင်ငံပေါင်း ၂၇ နိုင်ငံမှ လူ ၂၂၄၉ ဦးသို့ ကူးစက်ခဲ့ကာ သေနှုန်း ၃၅ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။ လင်းနို့ရှိ MERS-CoV ပိုးကို ကြားလက်ခံကောင်ဖြစ်သော ကုလားအုတ် (Camel) များမှတစ်ဆင့် လူများသို့ ကူးစက်ခဲ့ခြင်း ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ငါးနှင့် တောရိုင်းတိရစ္ဆာန်များ ရောင်းချသည့်ဈေးမှ စတင်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၀ ရက်နေ့အထိ နိုင်ငံနှင့် နယ်မြေဒေသပေါင်း ၂၁၃ ခုအတွင်းရှိ လူဦးရေ ၁၄ သန်းကျော်တွင် ကူးစက်ခဲ့ကာ ခြောက်သိန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ခံရသောသူများရှိ SARS-CoV-2 ပိုးသည် "Rhinolophus affinis" လင်းနို့များတွင် တွေ့ရသော CoV(BatCoVRaTG13) နှင့် မျိုးရိုးဗီဇအားဖြင့် ၉၆ ရာခိုင်နှုန်းတူညီသဖြင့် ဤကိုဗစ်-၁၉ ရောဂါသည်လည်း လင်းနို့များမှ အစပြုခဲ့သည်ဟု သုတေသီအများစုက ယူဆထားကြသည်။ လွန်ခဲ့သော မတ်လက ထုတ်ဖော်ခဲ့သော သုတေသနစာတမ်းတွင် တရုတ်သုတေသီများက သင်းခွေချပ် (Pangolin) တွင် တွေ့ရသော Coronavirus (Pangolin-CoV) သည် မျိုးရိုးဗီဇ (genome) အားဖြင့် ကိုဗစ်-၁၉ နှင့် ၉၁ ရာခိုင်နှုန်း လင်းနို့ CoV (Bat CoV RaTG13) နှင့် ၉၀ ဒသမ ၆ ရာခိုင်နှုန်း တူညီကြောင်း ဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် သင်းခွေချပ်ကို ကြားလက်ခံကောင်အဖြစ် ယူဆနိုင်သော်လည်း အခြားတိရစ္ဆာန်များသည်လည်း ပို၍ဆီလျော်သော ကြားလက်ခံကောင်များ ဖြစ်လာနိုင်ခြေရှိသည်။

မြန်မာနိုင်ငံရှိ လင်းနို့များမှ တွေ့ရသော ရောဂါပိုးများ

တိုးတက်ခေတ်မီသော နိုင်ငံများစွာက မိမိတို့နိုင်ငံအတွင်းရှိ လင်းနို့များတွင်ရှိသော ရောဂါပိုးများကို စစ်ဆေးရှာဖွေမှု ပြုလုပ်နေချိန်တွင် မြန်မာနိုင်ငံရှိ လင်းနို့များမှ ရောဂါပိုးရှာဖွေမှု သုံးခုကိုလည်း နိုင်ငံတကာသုတေသနဂျာနယ်များ၌ မှတ်တမ်းတင်ဖော်ပြထားသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရသဖြင့် အောက်တွင်ဖော်ပြအပ်ပါသည်-

၁။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ သုတေသီများက ၂၀၀၈ ခုနှစ်နှောင်းပိုင်းတွင် ကချင်ပြည်နယ်တောင်ပိုင်းမှ လင်းနို့ ၈၅၃ ကောင် (မျိုးစိတ်ကွဲခြောက်မျိုး)မှ ဗိုင်းရပ်စ်အားလုံး (Virome) ကို next generation sequencing နည်းဖြင့် စစ်ဆေးခဲ့ရာ ဗိုင်းရပ်စ်မိသားစု ၂၄ ခု တွေ့ရှိခဲ့သည်။ ထိုအထဲမှ "Minopterus fuliginosus" လင်းနို့မျိုးတွင်သာ လူများတွင် "Hepatitis B" ဖြစ်စေနိုင်သော Orthohepadna virus များကို တွေ့ခဲ့ရသည်။ ထို့အပြင် မျိုးစိတ်ငါးမျိုး၌ သွေးနွေး သတ္တဝါများ၏ ဆဲလ်အတွင်းကို ပျက်စီးစေသော (Intracellular parasite) ကပ်ပါးကောင် တစ်မျိုးဖြစ်သည့် Toxoplasma gondil ဟုခေါ်သော protozoan ကိုလည်း တွေ့ရှိခဲ့သည်။

စာမျက်နှာ ၇ သို့ ❂

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရယူထားပြီး စည်းကမ်းချက် သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့် ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ် ထုတ်ပေးနိုင်ရေးလုပ်ငန်းများ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ကိုင်ခွင့်ရသူများထံမှ မြေခွန်တော်ကြွေးကျန်များ ပြေကျေစွာ ကောက်ခံရရှိရန် လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန် ဥပဒေ ပြဋ္ဌာန်းချက်အတိုင်း တိတိကျကျ ဆောင်ရွက်ရန် လိုအပ်ချက်များကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြပြီး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာ တစ်ခုချင်းအလိုက် သုံးသပ်ဆွေးနွေးကြသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများ၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ ထိရောက်မှန်ကန်စွာ အသုံးပြုလုပ်ကိုင်နိုင်ကြစေရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအဖွဲ့က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်လျက်ရှိသည်။

ယခင် အစိုးရကာလ ဗဟိုအဖွဲ့က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်၊ အထူးအဖွဲ့များ၏ စစ်ဆေးတွေ့ရှိချက်များအရ ယခင်ခွင့်ပြုဧရိယာ ၂၃၄၂၆၀၀ ဧကအနက် သတ်မှတ်ကာလအတွင်း လုပ်ငန်းဖော်ထုတ်လုပ်ကိုင်ခြင်းမရှိသည့် ၁၆၄၅၀ ဧကအား ပြန်လည်သိမ်းဆည်းရန် ယနေ့အစည်းအဝေးက ဆုံးဖြတ်ခဲ့သဖြင့် စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိ၍ ပြန်လည်သိမ်းဆည်းခဲ့သည့် မြေဧရိယာ စုစုပေါင်းမှာ ၁၅၆၇၆၁၉ ဒသမ ၁၃ ဧက ရှိပြီဖြစ်သည်။ လုပ်ငန်းဖော်ထုတ်လုပ်ကိုင်လျက်ရှိသော ဧရိယာများအား ၂၀၁၂ ခုနှစ် ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းဥပဒေ စတင်အသက်ဝင်သည့်နေ့မှစ၍ နောက်ကြောင်းပြန် ကောက်ခံသွားရန် မြေခွန်ကောက်ခံခြင်း နည်းဥပဒေ ၂ (ခ) အရ အထူးအဖွဲ့များ ဖွဲ့စည်း၍ မြေပြင်အမှန်စိုက်ဧကများ သိရှိရန် စိစစ်ဆောင်ရွက်ပြီး အမှန်စိုက်ဧကကို စည်းကြပ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဦးသူရိန်သန့်ဇင်အား ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသူရိန်သန့်ဇင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

နေပြည်တော် ဇူလိုင် ၂၁

ယနေ့မြန်မာစံတော်ချိန် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက် တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❂ စာမျက်နှာ ၆ မှ

၂။ ထို့အတူ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပညာရှင်များ ပူးပေါင်း၍ ၂၀၁၅ ခုနှစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်နိမိတ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ လင်းနို့ ၁၂၁ ကောင် (မျိုးစိတ် ၁၂ မျိုး) ဖမ်းပြီး စစ်ဆေးမှုပြုလုပ်ခဲ့ရာ မျိုးစိတ်နှစ်မျိုးမှ လင်းနို့ လေးကောင်တွင် Hantavirus များကို တွေ့ရှိခဲ့ကြသည်။ ထိုဗိုင်းရပ်စ်သည် လူများတွင် အဖျားတက်၍ သွေးယိုကာ ကျောက်ကပ်ကို ပျက်စီးစေနိုင်သော “HFRS” (Haemorrhagic Fever with Renal Syndrome) ရောဂါကို ဖြစ်စေနိုင်သည်။

၃။ ပြီးခဲ့သည့် ဧပြီလတွင် “PLOS ONE” ဟုခေါ်သော နိုင်ငံတကာ သုတေသနဂျာနယ်က မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံမှ ပညာရှင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရှိ လင်းနို့များမှ Coronavirus နှင့်ဆိုင်သော စာတမ်းကို ဖော်ပြခဲ့သည်။ ဤသုတေသနတွင် မြန်မာနိုင်ငံအတွင်းရှိ ဒေသ သုံးခု (၁။ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှော်ကားအမျိုးသားဥယျာဉ်အနီး၊ ၂။ ကရင်ပြည်နယ် ဘားအံမြို့နှင့် ၃။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့)မှ လင်းနို့ပေါင်း ၄၆၄ ကောင် (မျိုးစိတ် ၁၁ မျိုး) ကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အရှင်ဖမ်းယူပြီး စစ်ဆေးခဲ့ခြင်းဖြစ်သည်။ Coronavirus ခုနှစ်မျိုးကို တွေ့ရှိခဲ့သည်။ ထိုအထဲမှ လေးမျိုးမှာ အယ်ဖာ Coronavirus (PREDICT– CoV–35,47,82နှင့် 90) များဖြစ်ပြီး ကျန်သုံးမျိုးမှာ ဘီတာ Coronavirus (PREDICT– CoV–92,93 နှင့်96) များဖြစ်ကြသည်။ အယ်ဖာ Coronavirus (PREDICT– CoV– 35) ကိုလွန်ခဲ့သည့် ၂၀၁၃ မှ ၂၀၁၇ ခုနှစ်များအတွင်း အိမ်နီးချင်းဖြစ်သော ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများရှိ လင်းနို့များတွင် တွေ့ရှိခဲ့ပြီးဖြစ်သော်လည်း ကျန် Coronavirus ခြောက်မျိုးမှာ မည်သူကမျှ တွေ့ရှိဖော်ပြခဲ့ခြင်း မရှိသေးသော ဗိုင်းရပ်စ် novel Coronavirus များဖြစ်သည်။

လင်းနို့နှင့် ရောဂါခံနိုင်မှု

လင်းနို့၏ ခန္ဓာဗေဒ၊ ရှင်သန်နေထိုင်ပုံနှင့် ရောဂါခုခံကာကွယ်ရေးနှင့်ဆိုင်သော သုတေသနပြုချက်များ လုံလောက်စွာမရှိသေးသဖြင့် လင်းနို့များ မည်သို့ရောဂါတုံ့ပြန်မှုပြုသည်ကို အသေးစိတ်နားလည်နိုင်ခြင်း မရှိသေးပေ။ သို့ရာတွင် ယနေ့အထိ ရရှိထားသော လင်းနို့ဆိုင်ရာ သုတေသနအချက်အလက်များနှင့် အခြားသတ္တဝါများမှရရှိသော အချက်အလက်များကို ပေါင်းစည်း၍ ချင့်ချိန်ခြင်းဖြင့် လင်းနို့များ၏ ရောဂါခုခံကာကွယ်မှုကို အောက်ပါအတိုင်း မှန်းဆနိုင်ပါသည်။

ပျံသန်းနိုင်သော သတ္တဝါများ ပျံသန်းရန်အတွက် စွမ်းအင်များစွာ စိုက်ထုတ်ရန်လိုအပ်သည်။ အကြောင်းမှာ ကမ္ဘာ့ဆွဲငင်အားကို ဆန့်ကျင်၍ လေပေါ်တွင်နေနိုင်ရန် စွမ်းအင်လိုအပ်သကဲ့သို့ ရှေ့သို့တိုး၍ ပျံသန်းနိုင်ရန်လည်း စွမ်းအင်လိုအပ်သောကြောင့် ဖြစ်သည်။ ငှက်အများစု ပျံသန်းသောအခါ နားနေသော ငှက်များထက် နှုန်း (Basal metabolic rate) နှစ်ဆခန့် မြင့်တက်လာပါသည်။ သို့သော် ပျံသန်းနေသော လင်းနို့များတွင် နားနေသော လင်းနို့များထက် ဇီဝဖြစ်ပျက်မှုနှုန်း ၁၅ ဆခန့် မြင့်တက်လာပြီး ကိုယ်အပူချိန်လည်း (၄၀˚C) မြင့်လာပါသည်။ ယေဘုယျအားဖြင့် နို့တိုက်သတ္တဝါများတွင် ရောဂါပိုး စတင်ဝင်ရောက်လာသောအခါ ကိုယ်ခန္ဓာအတွင်း၌ ဇီဝဖြစ်ပျက်မှုနှုန်းနှင့် ကိုယ်အပူချိန်မြင့်မားလာခြင်းဖြင့် ခန္ဓာ၏ ကိုယ်ခံအားစနစ် (Innate and adaptive immune system) များကို တပ်လှန့်နှိုးဆွစေပါသည်။ ထို့ကြောင့် သုတေသီတချို့က ပျံသန်းမှုကြောင့် မြင့်လာသော ဇီဝဖြစ်ပျက်မှုနှုန်းနှင့် ကိုယ်အပူချိန်များက လင်းနို့၏ ရောဂါခုခံကာကွယ်ရေးစနစ်ကို နှိုးဆွခြင်းဖြင့် ရောဂါပိုးများကို ခံနိုင်ရည်ရှိခြင်း (Flight–as–fever hypothesis) ဖြစ်မည်ဟု အဆိုပြုခဲ့ကြသည်။ သို့သော်လည်း ထိုအဆို ပြုချက်မှာ လင်းနို့တွင်ရှိသော ဗိုင်းရပ်စ်ပိုးများအတွက် အကျိုးသက်ရောက်မှုရှိသော်လည်း ရောဂါပိုးအချို့အတွက် အကျုံးဝင်မှုမရှိသည်ကို တွေ့ရသည်။ ဥပမာ ဆိုရသော် ၂၀၀၆ ခုနှစ် ဆောင်းရာသီ၌ အမေရိကန်နှင့် ကနေဒါနိုင်ငံရှိ တောအုပ်များတွင် အုပ်စုလိုက် ဆောင်းခို တွင်းအောင်းနေသော လင်းနို့များ၌ “Pseudogymnoascus destructans” ဟုခေါ်သော မှိုတစ်မျိုးကြောင့် အတောင်၊ နားရွက်နှင့် နှာဖျားတစ်လျှောက်ရှိ အရေပြားတွင် အနာ (White– nose syndrome–WNS) ဖြစ်ကာ လင်းနို့ သန်းနှင့်ချီ၍ သေဆုံးခဲ့သည်။ ထို့အတူ UK မှ ပညာရှင်များကလည်း လင်းနို့များသည် Borellia spp: ဗက်တီးရီးယားကြောင့် သေခဲ့ကြောင်း ၂၀၀၉ ခုနှစ်တွင် ဖော်ပြခဲ့သည်။

မကြာမီက ပြုလုပ်ခဲ့သော မျိုးရိုးဗီဇဆိုင်ရာ သုတေသန တွေ့ရှိချက်များအရ လင်းနို့များတွင် ဆင့်ကဲဖြစ်စဉ်ကြောင့် cell အတွင်းရှိ Mitochondrial genome ပြောင်းလဲလာပြီး ပျံသန်းမှုနှင့် ဆက်နွှယ်သည့် ကိုယ်အပူချိန်နှင့် ဇီဝဖြစ်စဉ် မြန်ဆန်မှု၏ ဆိုးကျိုးများကို cell အတွင်းတွင် ခံနိုင်ရည်ရှိလာစေခြင်းဖြစ်သည်ဟု အဆိုပြုထားသည်။ ထိုခံနိုင်ရည်၏ အကျိုးဆက်ကြောင့် cell အတွင်းသို့ ဝင်ရောက်တိုက်ခိုက်သောရောဂါ (intracellular infection) ဝင်ရောက်လာသောအခါ cell မသေဘဲ ရှင်းလင်းသည့်နည်း (Autophagy) ဖြင့် ပထုတ်ကာ cell များကိုလည်း အသက်ပိုရှည်စေခြင်းကြောင့် လင်းနို့များလည်း အသက်ရှည်ရခြင်း ဖြစ်မည်ဟု ဆိုပါသည်။

အခြားနို့တိုက်သတ္တဝါများနည်းတူ ရောဂါခံစားရ

ထို့ကြောင့် အမေရိကန်နိုင်ငံ Princeton တက္ကသိုလ်ရှိ သုတေသီများက လင်းနို့သည် ဆင့်ကဲဖြစ်စဉ်၏ပုံကိုင်ပုံသွင်းမှုကြောင့် cell အတွင်းသို့ဝင်ရောက်၍ ရောဂါပေးနိုင်သော ပိုးမွှား (intracellular pathogen) များကို ခံနိုင်ရည်ရှိလာပြီး cell ၏ အပြင်ဘက်၌ ရောဂါဖြစ်စေနိုင်သော ပိုးမွှားများ (extracellular Pathogen) (ဥပမာ Borellia spp: နှင့် WNS ရောဂါ)နှင့် ရင်ဆိုင်ရသောအခါ အခြားနို့တိုက်သတ္တဝါများနည်းတူ ရောဂါခံစားရသည်ဟု ဖော်ပြခဲ့သည်။

လင်းနို့တွင်ရှိသော ဗိုင်းရပ်စ်ပိုးများသည် လူနှင့် တိရစ္ဆာန်များအကြား အလွယ်တကူ ကူးစက်ရှင်သန်နိုင်သော ရောဂါပိုးအဖြစ် အသွင်ပြောင်းလာပါက အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါဆိုးကြီးဖြစ်လာနိုင်ကြောင်းမှာ ထင်ရှားလှသည်။ ယခုအချိန်တွင် လင်းနို့များရှိ ဗိုင်းရပ်စ်ပိုးအသစ်များစွာကို မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် တွေ့ရှိထားပြီဖြစ်သည်။ စင်စစ်မြန်မာနိုင်ငံရှိ လင်းနို့များတွင် တွေ့ရှိခဲ့သော Coronavirus များထဲမှ သုံးမျိုးသည် ကြောက်စရာကောင်းသော SARS၊ MERS နှင့် ကိုဗစ်–၁၉ ရောဂါများနှင့်အုပ်စုတူသော ဘီတာ Coronavirus (ဘီတာ–CoV) များဖြစ်သည်ကို သတိချပ်သင့်သည်။

မြို့ပြအိမ်ရာနှင့် လယ်မြေများတိုးချဲ့လာမှုကြောင့် လင်းနို့အပါအဝင် တောရိုင်းတိရစ္ဆာန်များ၏ အသိုက်အမြုံများ တစ်နေ့တခြား ကျဉ်းမြောင်းလာပါသည်။ ထို့အပြင် လင်းနို့အပါအဝင် တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီး၊ ရောင်းဝယ်၊ စားသောက်ခြင်းများ ကမ္ဘာတစ်ဝန်းတွင် ရှိနေသေးသဖြင့် ကြောက်စရာဗိုင်းရပ်စ်များနှင့် လူသားများ ထိတွေ့ရန် သာ၍လွယ်ကူလာပါသည်။ ဤအချိန်တွင် လုပ်ဆောင်သင့်သောအရာများကို လျစ်လျူရှုပြီး နေမည်ဆိုပါက ကိုဗစ်–၁၉ ကဲ့သို့သော ကပ်ရောဂါသစ်များစွာ အချိန်မရွေး ထပ်မံပေါ်ပေါက်လာနိုင်ပါသည်။

ကဏ္ဍစုံမှ ပညာရှင်များ (ဥပမာ– ကပ်ရောဂါဆိုင်ရာ ပညာရှင်များ၊ ဆရာဝန်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များ၊ သုတေသီများ) ပူးပေါင်း၍ လင်းနို့အကြောင်း၊ ကူးစက်နိုင်သော ရောဂါပိုးများအကြောင်းနှင့် ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လျင်မြန်စွာ ဖော်ထုတ်နိုင်ရန် လွန်စွာအရေးကြီးလှပါသည်။

တစ်ချိန်တည်းတွင်လည်း ကူးစက်ရောဂါသစ်များ လူနှင့် မွေးမြူရေးတိရစ္ဆာန်များအတွင်းသို့ မဝင်ရောက်နိုင်ရန် ဇီဝလုံခြုံရေး (Biosecurity) စနစ်ကို အခြေခံမွေးမြူရေးသမားများနှင့် တောင်သူလယ်သမားများအထိ ကောင်းမွန်စွာနားလည်၍ ကျင့်သုံးကြရန် အထူးလိုအပ်ပါသည်။

သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ပြည်သူများအတွက် ကျန်းမာရေးအသိတိုးလာစေမည့် ပညာပေးလုပ်ငန်းများကို တိုး၍လုပ်ဆောင်ရန် လိုအပ်ပါသည်။ ပြည်သူများကလည်း ယခု ကိုဗစ်–၁၉ ကြောင့် ရရှိသော ကျန်းမာရေးဆိုင်ရာ အကျင့်ကောင်းများ (မကြာခဏ လက်ကိုစင်ကြယ်စွာဆေးခြင်း၊ ခပ်ခွာခွာနေခြင်း၊ နှာချေချောင်းဆိုးပါက ပတ်ဝန်းကျင်သို့ မပြန့်အောင်ထိန်းခြင်း) ကို ဆက်လက်ကျင့်သုံးပြီး သက်ဆိုင်ရာ ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို အမြဲလိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။ ဤသို့ အလွှာစုံမှ ပြည်သူများအားလုံးက မိမိတို့ကျရာ ကဏ္ဍအလိုက် လုပ်ဆောင်ရန်ရှိသည်များကို တက်ညီလက်ညီဆောင်ရွက်မည်ဆိုပါက လူနှင့် သတ္တဝါများ သဟဇာတဖြစ်စွာဖြင့် ယှဉ်တွဲနေထိုင်မည်ဖြစ်ပြီး ကြောက်မက်ဖွယ်ရာ ကူးစက်ရောဂါဆိုးများနှင့်လည်း ကင်းဝေးမည် ဖြစ်သည်။ ။

References

1. Arai S, Kikuchi F, Bawm S, et al. Molecular Phylogeny of Mobatviruses (Hantaviridae in Myanmar and Vietnam. Viruses. 2019; 11 (3): 228.
2. Brook CE, Dobson AP. Bats as ‘special’ reservoirs for emerging zoonotic pathogens. Trends Microbiol. 2015; 23(3): 172–180.
3. He B, Liz, Yang F, et al. Virome Profilling of bats from Myanmar by metagenomic analysis of tissue samples reveals more novel Mammalian viruses. PloS One. 2013; 8(4): e 61950.
4. O’Shea TJ, Cryan PM, Cunningham AA, et al. Bat flight and zoonotic viruses. Emerg infect Dis. 2014; 20(5): 741–745.
5. Valitutto MT, Aung O, Tun KYN, et al. Detection of novel coronaviruses in bats in Myanmar. PloS One, 2020:15 (4):e0230802.

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်နှင့် ဆေးတက္ကသိုလ်များ

ပါမောက္ခသိန်း
ဆေးတက္ကသိုလ်(၁) ရန်ကုန်

မြန်မာနိုင်ငံမှာ အခုခေတ်ရှိနေတဲ့ တက္ကသိုလ်ပေါင်းစုံရဲ့ မြစ်ဖျားခံရာ မိခင်တက္ကသိုလ်ကြီး ဖြစ်ခဲ့ပြီး မိမိတို့ နိုင်ငံရဲ့ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ ပြည်သူချစ်တဲ့ အနုပညာရှင်တွေ၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍအသီးသီးတို့အတွက် ထူးချွန်ထက်မြက်တဲ့ ပညာတတ်ပုဂ္ဂိုလ်တွေကို မွေးထုတ်ပေးခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ စတင်ဖွင့်လှစ်လာခဲ့တာမို့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ် ၁၀၀ ပြည့်မှာ ဖြစ်ပါတယ်။

ဗြိတိသျှအစိုးရခေတ် ၁၉၀၀ ပြည့်နှစ်ကတည်းက ဖွင့်ခဲ့တဲ့ ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်ဟာ ကာလ်ကတ္တားတက္ကသိုလ်ရဲ့ လက်အောက်ခံများသာ ဖြစ်ရာ မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေရဲ့ နှိုးဆော်မှု၊ အိန္ဒိယနိုင်ငံအထိ သွားရောက်အရေးဆိုမှုတွေကြောင့် နောက်ဆုံးမှာ ဗြိတိသျှအစိုးရက မလွှဲမရှောင်သာတော့ဘဲ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး သီးခြားတက္ကသိုလ် ဆောက်လုပ်စေခဲ့တာ ဖြစ်ပါတယ်။

ဗြိတိသျှအစိုးရဟာ ရန်ကုန်တက္ကသိုလ်ကြီးကို ဆောက်လုပ်ရာမှာ ဘုရင်ခံချုပ် ဆာရယ်ဂျီနယ်ဂရက်ဒေါက်က ဒုတိယဘုရင်ခံချုပ် ဆာဟာကုတ်ဘတ္တလာကို တာဝန်ယူစေပြီး ဗြိတိသျှလူမျိုး ဗိသုကာပညာရှင် T.O. Forstar (တီအိုဖော်စတာ) ဦးဆောင်တဲ့ အင်္ဂလန်နိုင်ငံမှ အဆောက်အအုံပညာရှင်တွေက အင်္ဂလန်နိုင်ငံရှိ အထင်ကရတက္ကသိုလ်တွေဖြစ်တဲ့ Oxford နဲ့ Cambridge University တို့ရဲ့ စံနှုန်းနဲ့ ပုံစံတွေကို အခြေခံကာ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ၁၉၂၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်ရဲ့ ဘွဲ့နှင်းသဘင်ခန်းမ၊ တကောင်းဆောင်နဲ့ ပြည်ကျောင်းဆောင်၊ သထုံ ကျောင်းဆောင်၊ တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်ဆေးရုံ၊ စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ ပဲခူးဆောင်၊ သထုံဆောင်၊ အင်းဝဆောင်၊ ရွှေဘိုဆောင်နဲ့ ဒဂုံဆောင်၊ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၊ ဘင်တန်ဟော (နောင်သီရိဆောင်)၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအသင်းတိုက်၊ ရန်ကုန်တက္ကသိုလ်အားကစားရုံကြီး၊ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းမျှော်စင်၊ တက္ကသိုလ် ဓမ္မာရုံကြီး၊ တက္ကသိုလ်စာတိုက်၊ တက္ကသိုလ်စာအုပ်ဆိုင်၊ ဖုန်းလိုင်းရုံးခွဲ၊ ပါမောက္ခနေအိမ်တွေ၊ အလုပ်သမားတန်းလျားတွေကို နှစ်အလိုက် တည်ဆောက်ခဲ့ကြပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးနှင့် ဆေးပညာလောက ဆေးတက္ကသိုလ်များ

တစ်ချိန်က ရန်ကုန်တက္ကသိုလ် လက်အောက်ခံ အနေနဲ့စခဲ့ပြီး အခုဆေးတက္ကသိုလ်တွေအနေနဲ့ အမိနိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍအတွက် ဆေးပညာရှင် ဆရာဝန်တွေ မွေးထုတ်ပေးခဲ့၊ ပေးနေဆဲ ဆေးလောကအကြောင်း ပြောပြဖို့လိုပါတယ်။ မိမိတို့နိုင်ငံရဲ့အနောက်တိုင်း ဆေးပညာသင်ကြားရေးဟာ (Licentiate in Medical Practice –LMP) လို့ခေါ်တဲ့ သင်တန်းနဲ့ စခဲ့တာပါ။ Burma Government Medical School လို့ခေါ်တဲ့ အစိုးရဆေးကျောင်းကို ရန်ကုန်အထွေထွေဆေးရုံကြီး (Rangoon General Hospital) နဲ့အတူ ၁၉၀၇ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းကို ရန်ကုန် ဆေးရုံကြီးအဟောင်း ယခု အမျိုးသားသွေးဌာန (National Blood Center) အဆောက်အအုံရှေ့ ရွှေတိဂုံဘုရားလမ်းနဲ့ ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း (ယခင်ကော်မရှင်နာလမ်း) ထောင့်မှာ ဖွင့်လှစ်ခဲ့ကြပါတယ်။ အဲဒီသင်တန်းဟာ လေးနှစ်သင်တန်းဖြစ်ပြီး သင်တန်းပြီးမြောက် အောင်မြင်သူတွေကို(Licentiate in Medical Practice –LMP) ဆိုတဲ့ လက်မှတ်ပေးကာ ဆေးကုသခွင့်လိုင်စင် ပေးခဲ့ပါတယ်။ အဲဒီမတိုင်ခင်က ဆေးပညာသင်ယူချင်တဲ့ မြန်မာနိုင်ငံသားအားလုံးဟာ အများအားဖြင့် အိန္ဒိယနိုင်ငံက ဆေးကျောင်းတွေကို သွားရောက်သင်ကြား၊ ပညာဆည်းပူးပြီး ဘွဲ့ယူခဲ့ကြရပါတယ်။

ဆေးပညာဌာနကို ထားရှိဖွင့်လှစ်

ရန်ကုန်တက္ကသိုလ် ကို ၁၉၂၀ ပြည့်နှစ်မှာ အိန္ဒိယနိုင်ငံ ကာလကတ္တားဆေးကောလိပ်အနေနဲ့ ဆေးပညာသင်ကြားတဲ့ ဦးရေကို ကန့်သတ်လိုက်တဲ့အတွက် မြန်မာနိုင်ငံမှာပဲ ဆေးပညာသင်ကြားနိုင်ဖို့ ၁၉၂၂ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မှ အဖွဲ့ဖွဲ့ပြီး လေ့လာခဲ့ကာ ၁၉၂၃ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရဲ့အောက်မှာပဲ အခြားဌာနများနည်းတူ ဆေးပညာဌာန (Medical Department) ကို ထားရှိဖွင့်လှစ်ခဲ့ကြပါတယ်။

၁၉၂၃ ခုနှစ်မှာ အမ်ဘီဘီအက်(စ်) M.B.,B.S (Bachelor of Medicine and Bachelor of Surgery) သင်တန်းကို ရန်ကုန်ဆေးရုံကြီးအရှေ့ရှိသစ်သားဆောင်များ (ယခု ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ကုဌာနနဲ့ အရေပြားရောဂါကုဌာနများ တည်ရှိရာနေရာ)မှာ စတင်ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ပထမဆုံးသင်တန်းမှာ သင်တန်းသားသင်တန်းသူ ၂၈ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း မှတ်တမ်းများအရ သိရှိကြရပါတယ်။

၁၉၂၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ လက်ရှိလမ်းမတော်မြို့နယ် မြို့မကျောင်းလမ်းရှိ ဆေးတက္ကသိုလ်(၁) အဆောက်အအုံကို ထိုစဉ်က ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ (Sir Harcourt Butler) က အုတ်မြစ်ချခဲ့ပါတယ်။ (ဒါကြောင့် လွန်ခဲ့တဲ့သုံးနှစ် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့က ဆေးတက္ကသိုလ်(၁) ရန်ကုန်ရဲ့ နှစ်ကိုးဆယ်ပြည့် နဝရတ်ရတုအထိမ်းအမှတ်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါတယ်)

MBBS ဘွဲ့ကို ပထမဆုံးအကြိမ် ချီးမြှင့်အပ်နှင်း

၁၉၂၉ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှာ MBBS သင်တန်းကို အဲဒီအဆောက်အအုံမှာ ရွှေ့ပြောင်းသင်ကြားခဲ့ပါတယ်။ ၁၉၃၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ ရန်ကုန်ကောလိပ်အောက်ရှိ ဆေးပညာဌာန (Medical Department) ကို ဆေးကောလိပ် (Medical College) အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ၁၉၂၃ ခုနှစ်မှာ စတင်ခဲ့တဲ့ MBBS သင်တန်း ပြီးမြောက်အောင်မြင်သူ ၁၀ ဦးကို ၁၉၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံမှာ MBBS ဘွဲ့ကို ပထမဆုံးအကြိမ် ချီးမြှင့်အပ်နှင်းနိုင်ခဲ့ပါတယ်။

ဆေးကောလိပ်ကို Governing Body လို့ခေါ်တဲ့ ကျောင်းအုပ် (Principal) ဦးဆောင်တဲ့ စီမံအုပ်ချုပ်ရေးအဖွဲ့နဲ့ လုပ်ငန်းဆောင်တာအဝဝကို ဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါအုပ်ချုပ်ရေးအဖွဲ့မှာ မြန်မာလူမျိုးအနေနဲ့ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးဘခက်နဲ့ ဦးဆက် နှစ်ဦးသာ ပါဝင်ခဲ့တယ်လို့ မှတ်တမ်းတွေမှာ တွေ့ကြရပါတယ်။ သင်ကြားရေးဆရာ ၃၀ ထဲမှာလည်း မြန်မာလူမျိုးထဲမှ သားဖွားမီးယပ်ဆရာဝန်မကြီး ဒေါက်တာဒေါ်ရင်မေ တစ်ဦးသာ ပါဝင်ခဲ့ပါတယ်။ ၁၉၃၅–၁၉၃၆ ခုနှစ် ရောက်မှသာ သင်ကြားရေးမှာ မြန်မာလူမျိုးဆရာဝန်များ တဖြည်းဖြည်း ပါဝင်ဆောင်ရွက်လာကြကာ ၎င်းပုဂ္ဂိုလ်ကြီးတွေဟာ မြန်မာ့ဆေးလောကသမိုင်းရဲ့ ဦးစီးဦးဆောင် ပုဂ္ဂိုလ်ကြီးတွေအဖြစ် မော်ကွန်းတင်ကြရမှာ ဖြစ်ပါတယ်။

၁၉၃၇ ခုနှစ်မှာ ရန်ကုန်ဆေးကောလိပ် (Rangoon Medical College) ရဲ့ MBBS ဘွဲ့ကို ဗြိတိသျှနိုင်ငံ ဆေးကောင်စီ (GMC: General Medial Council) က အသိအမှတ်ပြုခဲ့ပါတယ်။ ၁၉၄၂–၁၉၄၅ ခုနှစ်တွေမှာ မိမိတို့နိုင်ငံ ဂျပန်အုပ်ချုပ်မှုအောက်ရောက်နေချိန်မှာ ဆေးပညာသင်ကြားရေးတွေ ရပ်ဆိုင်းသွားခဲ့သလို ဂျပန်စစ်တပ်က ယခုဆေးတက္ကသိုလ်အဆောက်အအုံကိုလည်း သိမ်းပိုက်ပြီး ကျောင်းရဲ့ ပစ္စည်းတွေ၊ မှုခင်းဆေးပညာပြတိုက်နဲ့ စာကြည့်တိုက်တွေကိုလည်း ဖျက်ဆီးခဲ့တယ်လို့ သိမီလိုက်တဲ့ ဆရာကြီးတွေဆီက တစ်ဆင့်စကားတစ်ဆင့် ကြားခဲ့ကြရပါတယ်။

၁၉၄၂ ခုနှစ်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာပြီးနောက် အင်္ဂလိပ်အစိုးရအဖွဲ့ အထက်မြန်မာပြည်သို့ ဆုတ်ခွာရာသို့ မလိုက်သွားဘဲနေခဲ့တဲ့ ဆရာဝန်ကြီး ဦးဘသန်းက အရင်အခေါ် ဂေါ်ရာကုန်းနေရာမှာ ဘီအိုင်အေဆေးရုံကြီးကို တည်ထောင်ဖွင့်လှစ်ပြီး ဆေးကုသခွဲစိတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဆရာကြီး ဦးဘသန်းဟာ ဂျပန်ခေတ်မှာ ဆေးပညာသင်ကြားရေးတွေ ပိတ်ထားရပေမယ့် မြန်မာပြည်က ဆရာတွေအပြင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ဂျပန်ပါရဂူအချို့ကို ခေါ်ဆောင်လာကာ ဆေးပညာတွေကို သင်ကြားစေခဲ့တယ်လို့ မှတ်သားရပါတယ်။ အဲဒီဂျပန်ခေတ်ဘီအိုင်အေ (BIA) ဆေးရုံကြီးဟာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်တို့ကို ဖူးစာဆုံပေးခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။

အဲဒီအချိန်က ဗြိတိသျှအစိုးရဟာ ဗြိတိသျှစစ်တပ်တွေ မြန်မာနိုင်ငံထဲကို ပြန်မဝင်ခင်ကပင် ရန်ကုန်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်ဖို့ အစီရင်ခံစာကို ပြင်ဆင်ခဲ့ကြပါတယ်။ ၁၉၄၄ ခုနှစ်ပိုင်းလောက်မှာ တရားရေးဝန်ကြီး ဆာဟာဗတ်ဒန်ကလေ သဘာပတိအဖြစ်ဆောင်ရွက်တဲ့ ကြားဖြတ်တက္ကသိုလ်ကော်မတီကို ဖွဲ့ခဲ့ပြီး ၁၉၄၅ ခုနှစ်မှာ စစ်ပြေးအစိုးရက ကြားဖြတ်တက္ကသိုလ် ယာယီကော်မတီအသစ်ကို ထပ်မံဖွဲ့စည်းခဲ့ကြပါတယ်။

၁၉၄၆ ခုနှစ်မှာ အင်္ဂလိပ်အစိုးရ ပြန်လည်ဝင်ရောက်လာပြီး ၁၉၄၆ ခုနှစ် မေလ ၂၉ ရက်နေ့မှာ ဆေးကောလိပ်ကို ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်လွှဲအပ်ခဲ့ပါတယ်။ အဲဒီနောက်မှာ ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ကောလိပ်များ (Federal) မှုကို မဟာဌာန (Unitary) မှုအဖြစ် ပြောင်းလဲလိုက်တဲ့အတွက် ယခင်ဆေးကောလိပ် ဟာ ၁၉၄၆ ခုနှစ်စက်တင်ဘာလ ၂၆ ရက်နေ့မှာ ဆေးပညာမဟာဌာန (Faculty of Medicine under Rangoon University) ဖြစ်လာခဲ့ပြီး ယခင်ကောလိပ်ရဲ့ ကျောင်းအုပ်နေရာမှာ မဟာဌာနမှူး (Dean)က စီမံခန့်ခွဲအုပ်ချုပ်ခဲ့ပါတယ်။ ပထမပိုင်း မဟာဌာနမှူးတွေဟာ အင်္ဂလိပ်လူမျိုးတွေဖြစ်ပြီး ဆေးပညာပါမောက္ခ ဒေါက်တာဦးမင်းစိန်ဟာ ၁၉၄၇ ခုနှစ်မှာ မြန်မာလူမျိုးထဲက ပထမဦးဆုံး မဟာဌာနမှူး ဖြစ်ပါတယ်။

မြန်မာလူမျိုး ၂၀ ရာခိုင်နှုန်းသာပါဝင်

၁၉၂၃ ခုနှစ်ကနေ ၁၉၄၈ ခုနှစ်အထိ လွတ်လပ်ရေးမရခင် အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ ကိုလိုနီခေတ်မှာ MBBS သင်တန်းကို တစ်နှစ်လျှင် သင်တန်းသား ၃၀ ခန့်သာ တက်ရောက်သင်ကြားခွင့်ရခဲ့ကြပြီး တစ်နှစ်ကို ၁၀ ဦး၊ ၁၅ ဦးသာ အောင်မြင်ခဲ့တာမို့ MBBS ဘွဲ့ရ ဆရာဝန် ၂၀၀ ခန့်သာ မွေးထုတ်နိုင်ခဲ့ပြီး အဲဒီအထဲမှာ မြန်မာလူမျိုး ၂၀ ရာခိုင်နှုန်းသာ ပါဝင်ခဲ့ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ဆေးပညာမဟာဌာနမှူးတွေအဖြစ် သမားတော်ကြီး ပါမောက္ခ ဦးမင်းစိန်နဲ့ ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဦးဘသန်းတို့ကတစ်လှည့်စီ နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် ၁၉၅၉ ခုနှစ်အထိ တာဝန်ယူထမ်းဆောင်ခဲ့ကြပြီး အဲဒီနောက် ပြည်သူ့ကျန်းမာရေးပါမောက္ခ ဦးမောင်မောင်ကလေးက ၁၉၆၄ ခုနှစ်အထိ တာဝန်ယူခဲ့ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့ကာလမှာ ဗြိတိသျှလူမျိုးဆရာဝန်တွေနဲ့ အခြားလူမျိုးခြား ဆရာဝန်တွေ မြန်မာနိုင်ငံမှ ထွက်ခွာသွားကြတာကြောင့် ဆေးရုံတွေမှာ ဆေးကုသမှုနဲ့ ဆေးကျောင်းတွေမှာ ဆေးပညာသင်ကြားမှုမှာ ဝန်ထမ်းအင်အား ပြတ်လပ်ချို့တဲ့မှုအကြီးအကျယ် ရင်ဆိုင်ခဲ့ကြရပါတယ်။ နိုင်ငံတော်အစိုးရက မြို့နယ်ဆေးရုံတွေအတွက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတွေက ဆရာဝန် ၁၀၀ ကျော်ကို ကန်ထရိုက်စနစ်နဲ့ ငှားရမ်းခန့်ထားခဲ့ကြတာ ၁၉၆၁ ခုနှစ်လောက်အထိပါပဲ။ အဲဒီခေတ်က အခက်အခဲအတားအဆီးတွေကို မျိုးချစ်စိတ်အပြည့်နဲ့ ကြိုးစားရင်ဆိုင်ကျော်ဖြတ်ခဲ့ကြတဲ့ မြန်မာ့ဆေးလောကရဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးတွေကတော့ ပါမောက္ခ ဒေါ်ရင်မေ(သားဖွားမီးယပ်)၊ ပါမောက္ခ ကာနယ်မင်းစိန် (ဆေးပညာ)၊ ပါမောက္ခ ဦးဘသန်း(ခွဲစိတ်)၊ ဒေါက်တာဦးကိုကြီး(မျက်စိ)၊ ပါမောက္ခ ဦးရွှေဇံ (ဆေးပညာ)၊ ပါမောက္ခ ဒေါက်တာနန်ဒီ (ခွဲစိတ်)၊ ပါမောက္ခ ဦးအေး (ဆေးပညာ)နဲ့ ပါမောက္ခ ဦးကြည်ပေါ (ခွဲစိတ်)တို့ပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ❍

☆ ၁၉၆၄ ခုနှစ် ဧပြီလမှာ ကျင်းပခဲ့တဲ့ ၁၉၆၄ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးစနစ်သစ် ဥပဒေအရ ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ဆေးပညာမဟာဌာနတွေကို သီးခြား ဆေးတက္ကသိုလ်တွေအဖြစ် ပြောင်းလဲဖွဲ့စည်း။

☆ ဒါကြောင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ် မန္တလေး၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသလို မဟာဌာနမှူး (Dean) များကိုလည်း ပါမောက္ခချုပ် (Rector) များအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက် ၁ဝ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် လုပ်ငန်းသုံးစက်များ၊ အဓိကဆောင်ရွက်သော လုပ်ငန်းများ၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲလက်မှတ်များ ပုံနှိပ်ရန် ဆောင်ရွက်နေမှုများ၊ လုံခြုံရေးအစီအမံဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံအတွင်းရှိ ပုံနှိပ်စက်ခန်းများ၊ Computer to Plate စက်ခန်း၊ သိုလှောင်ရုံနှင့် စာအုပ်ချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာသည် မြန်မာနိုင်ငံအစိုးရ၏ အာဘော်ကိုထင်ဟပ်လျက် မြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာသို့ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသည့် တစ်ခုတည်းသော သတင်းစာဖြစ်ကြောင်း၊ လာမည့်နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို နိုင်ငံတကာမှ အထူးစိတ်ဝင်စားစောင့်ကြည့်လျက်ရှိသဖြင့် စာတည်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအနေဖြင့် သတင်းစာအရည်အသွေး ပိုမိုတိုးတက်စေရန် ကြိုးပမ်းကြံဆ ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတကာသတင်းများကို ရွေးချယ်ဖော်ပြမှုအပိုင်းတွင် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သတိပြုစေလိုကြောင်း၊ ပြည်တွင်းသတင်းများ ရေးသားဖော်ပြရာတွင်လည်း မိမိတို့၏ စာဖတ်ပရိသတ်နှင့် လိုက်လျောညီထွေမှုရှိသည့် အကြောင်းအရာများကို အဆင့်အတန်းမီ ရေးသားဖော်ပြနိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

❍ စာမျက်နှာ ၈ မှ

၁၉၄၆-၁၉၄၇ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မှာ သင်တန်းသား နှစ်ထောင်ကျော် ရှိခဲ့ရာက ၁၉၅၄ ခုနှစ်မှာ တစ်သောင်းနီးပါး ရှိလာပါတယ်။ ဒါကြောင့် မန္တလေးကောလိပ်အပါအဝင် ရန်ကုန်တက္ကသိုလ်လက်အောက်ခံကောလိပ်တွေကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ဆေးလောကအနေနဲ့လည်း ဆရာဝန်တွေ ပိုမိုမွေးထုတ်နိုင်ဖို့အတွက် ၁၉၅၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရဲ့ဆေးပညာမဟာဌာနခွဲတစ်ခုကို မန္တလေးမှာ ထပ်မံဖွင့်လှစ်ခဲ့ကာ ရန်ကုန်ဆေးပညာမဟာဌာနအောက်မှာ ထားရှိဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ မန္တလေးကောလိပ်ကို မန္တလေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်လိုက်ပြီးနောက်မှာ မန္တလေးဆေးပညာမဟာဌာနခွဲဟာ မန္တလေးတက္ကသိုလ်လက်အောက်ခံ ဆေးပညာမဟာဌာန ဖြစ်လာပါတယ်။ ဒါကြောင့် ၁၉၅၈ ခုနှစ်မှာ ရန်ကုန်နဲ့ မန္တလေးတက္ကသိုလ်တစ်ခုစီအောက်မှာ ဆေးပညာမဟာဌာနတစ်ခုစီ ရှိခဲ့ပါတယ်။

၁၉၆၀ ပြည့်နှစ်ကာလပိုင်းမှာ ရန်ကုန်မြို့ ပြည်လမ်း အသံလွှင့်ရုံရှေ့ရှိ အင်ဂျင်နီယာကောလိပ်အတွက် ရည်ရွယ်ဆောက်လုပ်ခဲ့တဲ့ လိပ်ခုံးခန်းမနဲ့ အဆောက်အအုံတွေဟာ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ကို ရောက်ရှိလာပြီး ဆေးကျောင်းပထမနှစ်နဲ့ ဒုတိယနှစ်သင်တန်းတွေ သင်ကြားရာနေရာ ဖြစ်ခဲ့ပါတယ်။

လိပ်ခုံးအဆောက်အအုံ

လိပ်ခုံးအဆောက်အအုံကို ၁၉၅၅-၁၉၅၆ ခုနှစ်တွေမှာ ဗြိတိန်အင်ဂျင်နီယာတွေက ဆောက်ခဲ့ပါတယ်။ ဗြိတိန်နာမည်ကြီး ဗိသုကာပညာရှင် Raglan Squire နဲ့ အဖွဲ့ရဲ့ ဒီဇိုင်းလို့ သိရပါတယ်။ အလွန်လက်ရာမြောက်တဲ့ ဒီအဆောက်အအုံရဲ့ အမိုးခုံးဟာ အလျား ၁၅၃ ပေ၊ အနံ ၉၃ ပေ ရှိပါတယ်။ လိပ်ခွံနဲ့တူတဲ့ အမိုးခုံးကို အစွဲပြုပြီး လိပ်ခုံးလို့ ခေါ်ကြတယ်။ ၁၉၆၀ ပြည့်နှစ်တုန်းက နိုင်ငံတကာ ဗိသုကာ ဒီဇိုင်းဆု ရခဲ့ပါတယ်။ အဆောက်အအုံရဲ့ အခြားထူးခြားချက်မှာ အဆောက်အအုံအောက် ရေလှောင်ခန်း ပါရှိခြင်းပါ။ လိပ်ခုံးခန်းမရဲ့ ထောင့်လေးထောင့်မှာ လေးပေပတ်လည် ရေကန်ငယ်လေးခု ထားရှိပါတယ်။ စက်နဲ့ ရေသွင်းရေထုတ်လုပ်နိုင်တယ်လို့ ပြောကြပါတယ်။ အခမ်းအနားတွေလုပ်ရင် ဩည်သည်အရေအတွက်ပေါ်မူတည်ပြီး ရေကန်ထဲက ရေအနိမ့်အမြင့်ကို ထိန်းခြင်းဖြင့် လှိုဏ်သံ echo sound မထွက်ဘဲ ဆူညံသံလျော့စေတယ်လို့ ဆိုကြပါတယ်။ လိပ်ခုံးအဆောက်အအုံရဲ့ အသံနဲ့ပတ်သက်လို့ နောက်ထပ်ထူးခြားချက်တစ်ခုကတော့ အခမ်းအနားများမှာ microphone song box သုံးစရာမလိုခြင်းပါပဲ။ အဆောက်အအုံရဲ့ ညာဘက်ထိပ်နားအပြင်မှာ underground ရေမြောင်းရှိပါတယ်။ မြောင်းထဲ ရေဖြည့်ထားရင် ရှေ့ကစကားပြောရင် နောက်ကကြားရပါတယ်။ surrounding sound system လိုပါပဲ။ ရေထည့်တာ အနည်း၊ အများအပေါ်မူတည်ပြီး အသံတွေကို ထိန်းပေးတယ်လို့ သိရပါတယ်။

၁၉၆၂ ခုနှစ်မှာ နိုင်ငံတော်အာဏာကို တပ်မတော်က သိမ်းယူလိုက်ပြီး တော်လှန်ရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ပြောင်းလဲခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ မင်္ဂလာဒုံမှာ ဆေးကျောင်းအသစ်တစ်ကျောင်းကို ထပ်မံဖွင့်လှစ်ခဲ့ပြီး ဆေးပညာမဟာဌာန(၂) ရန်ကုန်လို့ သတ်မှတ်ကာ ပထမဖွင့်ထားတဲ့ ဆေးကျောင်းကို ဆေးပညာမဟာဌာန(၁) ရန်ကုန်လို့ သတ်မှတ်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်ဧပြီလမှာ ကျင်းပခဲ့တဲ့ ၁၉၆၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးစနစ်သစ်ဥပဒေအရ ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ဆေးပညာမဟာဌာနတွေကို သီးခြားဆေးတက္ကသိုလ်တွေအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ဒါကြောင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ် မန္တလေး၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်အဖြစ်ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသလို မဟာဌာနမှူး (Dean) များကိုလည်း ပါမောက္ခချုပ် (Rector) များအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကြပါတယ်။ ဆေးတက္ကသိုလ်တွေရဲ့ ပထမဆုံးပါမောက္ခချုပ်တွေက ဆေး(၁) မှာ ပါမောက္ခ ဆရာကြီး ဦးဘသန်း၊ ဆေး-မန်းမှာ ဆရာကြီးပါမောက္ခ ဦးမောင်မောင်လေးနဲ့ ဆေး-၂ မှာ ဗိုလ်မှူးကိုကြီးတို့ပဲ ဖြစ်ပါတယ်။ အဲဒီခေတ်က ဆေးတက္ကသိုလ်တွေအပါအဝင် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ အားလုံးဟာ တက္ကသိုလ်များ ဗဟိုကောင်စီနှင့် တက္ကသိုလ်များ ပညာရေးကောင်စီတို့ရဲ့ လက်အောက်ခံများ ဖြစ်ပါတယ်။

အခြားဒီပလိုမာဘွဲ့သင်တန်းများကို ဆက်လက်ဖွင့်လှစ်

၁၉၆၄ ခုနှစ်မှာပဲ ဆေးတက္ကသိုလ်(၁) ရဲ့ ပထမဆုံး ဘွဲ့လွန်သင်တန်းဖြစ်တဲ့ မေ့ဆေးပညာဒီပလိုမာ (DA; Diploma in Anaesthesiology) ကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဆက်လက်ပြီး ၁၉၆၅ ခုနှစ်မှာ ရောဂါဗေဒ ဒီပလိုမာ (D, Path: Diploma in pathology)နဲ့ ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ (DP&TM: Diploma in Preventive and Tropical Medicine) ကိုလည်းကောင်း၊ ၁၉၇၁ ခုနှစ်မှာ ကလေးကျန်းမာရေးပညာ ဒီပလိုမာ (DCH: Diploma in Child Health)၊ ပိုးမွှားဗေဒဒီပလိုမာ (Diploma in Bacteriology)၊ မျက်စိရောဂါဒီပလိုမာ (D O :Diploma in Ophthalmology) နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဒီပလိုမာ (DLO : Diploma in Laryngo-Otology) နဲ့ အခြားဒီပလိုမာဘွဲ့သင်တန်းများကို ဆက်လက်ဖွင့်လှစ်ခဲ့ပါတယ်။

၁၉၇၁ ခုနှစ်မှာတော့ မဟာသိပ္ပံ (ခန္ဓာဗေဒ) MSc (Anatomy)၊ မဟာသိပ္ပံ (ဇီဝကမ္မဗေဒ) MSc (Physiology)၊ မဟာသိပ္ပံ(ဆေးပညာ) MSc(Medicine)၊ မဟာသိပ္ပံ (ခွဲစိတ်ကုပညာ) MSc(Surgery) တွေကို စတင်ဖွင့်လှစ်ခဲ့ပြီးနောက် အခြားဘာသာရပ်တွေရဲ့ မဟာသိပ္ပံ သင်တန်းတွေကို နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ တက္ကသိုလ်ပညာရေးဥပဒေသစ်အရ ဆေးတက္ကသိုလ်များအပါအဝင် ဆေးပညာဆိုင်ရာ တက္ကသိုလ်တွေကို ပညာရေးဝန်ကြီးဌာနအောက်မှ ကျန်းမာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းခဲ့ပါတယ်။

၁၉၈၇ ခုနှစ်မှာ ဆေးလက်တွေ့ပါရဂူသင်တန်း (Dr. Med,Sc) တွေကို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ အခြေခံဆေးပညာ (Basic Science) ဘာသာရပ်များရဲ့ ပါရဂူသင်တန်း (PhD) နဲ့ အထူးကုဘာသာရပ်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူသင်တန်းများ (Dr.Med,Sc) ကိုပါ တိုးချဲ့ ဖွင့်လှစ်ခဲ့ပါတယ်။

ရန်ကုန်မြို့ ပြည်လမ်း အသံလွှင့်ရုံရှေ့ရှိ လိပ်ခုံးခန်းမနှင့် အဆောက်အအုံ။

မကွေးမြို့မှာ ဆေးတက္ကသိုလ်တစ်ခု ထပ်ဆောက်

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ လူနာနဲ့ ဆရာဝန် အချိုးအစား အလွန်ကွာဟနေတာမို့ ဆရာဝန်တွေ ပိုမိုမွေးထုတ်ဖို့လိုတာမို့ မြန်မာပြည်အလယ်ပိုင်း မကွေးမြို့မှာ ဆေးတက္ကသိုလ်တစ်ခု ထပ်ဆောက်ခဲ့ကြပြီး ၂၀၀၁ ခုနှစ် မေလမှာ ဆေးတက္ကသိုလ် (မကွေး)ကို ဖွင့်လှစ်ခဲ့ပါတယ်။ ယခင်က စာသင်နှစ်တစ်နှစ်မှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှာ ကျောင်းသား ကျောင်းသူအသစ် ၃၀၀၊ ဆေးတက္ကသိုလ် မန္တလေးမှာ ၁၅၀၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှာ ၁၀၀ နဲ့ တစ်နှစ်ကို ၅၅၀ လက်ခံခဲ့ရာက မကွေးဆေးတက္ကသိုလ် ဖွင့်လှစ်ပြီးနောက် တက္ကသိုလ်တစ်ခုလျှင် ၅၀၀ နဲ့ တစ်နှစ်ကို သင်တန်းသားအသစ် ၂၀၀၀ အထိ တိုးချဲ့လက်ခံ သင်ကြားစေခဲ့ပါတယ်။ နောက်ပိုင်းမှာ အရေအတွက်သာမက အရည်အချင်းကိုပါ ထိန်းသိမ်းဖို့ အရေးကြီးတာမို့ Intake ကျောင်းသားသစ်လက်ခံတာကို နည်းနည်း ပြန်ထိန်းလိုက်ပါတယ်။

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့မှာ ဆေးတက္ကသိုလ် (တောင်ကြီး)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှာ ထပ်မံဖွင့်လှစ်ခဲ့ပါတယ်။

အဲဒီလို ဆေးပညာသင်ကြားရေးမှာ အဆင့်ဆင့်တိုးချဲ့လာသလို ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုအပိုင်းတွေမှာလည်း အဘက်ဘက်မှာ ဒေသတွင်းနဲ့ နိုင်ငံတကာ အဆင့်မီအောင် သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ ပညာရှင်တွေက အပတ်တကုတ်ကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။ အဲဒီထဲက မြန်မာ့ဆေးလောကရဲ့ သမိုင်းဝင် တိုးတက်မှုဖြစ်စဉ်တချို့ကို ဖော်ပြရရင် ၁၉၇၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံး ရင်ချင်းဆက်အမြွှာ (Siamese Twin / Conjoint Twin) မနန်းစိုး/ မနန်းစံကို ကလေးခွဲစိတ်ကုဆရာဝန်ကြီး ဦးဖေညွှန့်နဲ့ ဆရာဝန်ကြီး ဦးထွန်းဆိုင်တို့က အောင်မြင်စွာ ခွဲစိတ်ပေးခဲ့ကြပါတယ်။ ပထမဆုံး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို နိုင်ငံခြား ပါရဂူများမပါဘဲ မြန်မာခွဲစိတ်ဆရာဝန်များနဲ့ပဲ ဆောင်ရွက်ခဲ့တာကတော့ ၁၉၈၇ ခုနှစ် မေလ ၈ ရက်နေ့ ဖြစ်ပြီး ပါမောက္ခဆရာကြီးဦးသန်းအေးဦးဆောင်တဲ့ အဖွဲ့က ရန်ကုန်ဆေးရုံကြီးမှာ အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့ပထမဆုံး အသည်းအစားထိုးခွဲစိတ်မှုကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (New Yangon General Hospital) မှာ ခွဲစိတ်ကုဆရာဝန်ကြီး ပါမောက္ခ ဦးနော်မန်လှ ဦးစီးပြီး အောင်မြင်စွာဆောင်ရွက်ခဲ့ကြပါတယ်။ အခုနောက်ပိုင်းမှာတော့ ကျောက်ကပ်ရော အသည်းအစားထိုး ခွဲစိတ်မှုတွေကိုပါ ပုံမှန်လို လုပ်ဆောင်နေကြရာမှာ လူကြီးတွေသာမက ကလေးငယ်တွေကိုပါ ကလေးဆေးရုံတွေမှာ အောင်အောင်မြင်မြင် လုပ်ဆောင်နေကြပါပြီ။

(ဆက်လက်ဖော်ပြပါမည်)

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်လို့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနဲ့ မိမိကိုယ်ကို ရောဂါကူးစက်ခြင်းမရှိအောင် ကာကွယ်ရင်း အားလုံးမဲပေးနိုင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကိုဗစ် – ၁၉ ဆိုင်ရာ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများအရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ဇူလိုင် ၂ ရက်က သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကာလသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကာလနှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ ထို့ကြောင့် အဆိုပါရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုများကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ သန္တာလွင်နှင့် မြန်မာ့သတင်းစဉ်တို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

မေး။ ။ ဆန္ဒမဲစာရင်း ကောက်ယူကြမယ့် ဝန်ထမ်းတွေအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ဖို့ ကျန်းမာရေးကဏ္ဍအနေနဲ့ ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားသလဲဆိုတာ သိပါရစေ။

ဒေါက်တာသန္တာလွင်(ဖြေ)။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ လာမယ့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပါအဝင် အခြားနီးနွယ်ဝန်ကြီးဌာနတွေ၊ အကြံပေးပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ရွေးကောက်ပွဲမှာ မဲပေးကြမယ့် မဲဆန္ဒရှင်ပြည်သူတွေ၊ မဲစာရင်းကောက်ယူမယ့် ဝန်ထမ်းတွေ၊ မဲရုံတာဝန်ကျဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေ၊ ပါတီကိုယ်စားလှယ်တွေ၊ မီဒီယာတွေ၊ စောင့်ကြည့်လေ့လာသူတွေ စတဲ့ ပါဝင်ဆောင်ရွက်သူအားလုံး လိုက်နာရမယ့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းလမ်းညွှန်အပေါ် အကြံပြုဆောင်ရွက်ထားရှိပြီးလည်း ဖြစ်ပါတယ်။

မဲစာရင်းကောက်ယူမယ့် ဝန်ထမ်းတွေ၊ မဲရုံတာဝန်ကျဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသင်တန်းတွေကို Video Conferencing Methodနဲ့ ပြုလုပ်ပါမယ်။ ရွေးကောက်ပွဲ လုပ်ငန်းလမ်းညွှန်မှာလည်း ကျန်းမာရေးဆိုင်ရာ လိုက်နာရမယ့်အချက်တွေကို တိကျစွာဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မဲစာရင်းကောက်ယူမယ့် ဝန်ထမ်းတွေအတွက် နှာခေါင်းစည်းတွေ၊ ရော်ဘာလက်အိတ်တွေ၊ မျက်နှာအကာတွေ၊ လက်သန့်ဆေးရည်တွေကို လုံလောက်စွာ ရရှိအသုံးပြုစေဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အကြံပြုသွားမှာ ဖြစ်ပါတယ်။

မေး။ ။ ဆန္ဒမဲပေးကြမယ့် ပြည်သူတွေအတွက် ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတွေကို သိလိုပါတယ်။

ဖြေ။ ။ အခုကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ နိုင်ငံသားအခွင့်အရေးတွေကို ပိုင်ပိုင်နိုင်နိုင်အသုံးချပြီး ဆန္ဒမဲပေးတဲ့ရာခိုင်နှုန်းမြင့်မားစေဖို့နဲ့ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် လျော့နည်းသွားခြင်းမရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုအခါ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်လို့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနဲ့ မိမိကိုယ်ကို ရောဂါကူးစက်ခြင်းမရှိအောင် ကာကွယ်ရင်း အားလုံးမဲပေးနိုင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ကိုဗစ်–၁၉ ရောဂါပိုးရှိသူတွေဟာ အများအားဖြင့် ပြည်ပနိုင်ငံတွေက ပြန်လည်ရောက်ရှိလာတဲ့သူတွေမှာသာ အများဆုံးတွေ့ရှိရပါတယ်။ ကိုဗစ်–၁၉ ရောဂါလက္ခဏာ တစ်စုံတစ်ရာ မပြသူတွေမှာလည်း ရောဂါပိုးတွေ့ရှိရပြီး အခုတွေ့ရှိထားတဲ့ လူနာတွေရဲ့ ထက်ဝက်ကျော်ရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေ ဆန္ဒမဲပေးရာမှာ ကိုဗစ်–၁၉ ရောဂါကူးစက်မှု တားဆီးနိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ မှတ်တမ်းတင်ဗီဒီယိုတွေ ပူးပေါင်းရိုက်ကူးပြီး ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို မီဒီယာတွေကတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မဲစာရင်းကပ်တဲ့ နေရာတွေကို နေရာတိုးချဲ့ဆောင်ရွက်ခြင်း၊ မဲစာရင်းကပ်တဲ့နေရာတွေမှာ Social Distancing မှုတွေနဲ့အညီ ဆောင်ရွက်ဖို့ ရွေးကောက်ပွဲကော်မရှင်ကို အကြံပြုထားပါတယ်။

ဒါ့အပြင် မဲပေးဖို့လာတဲ့ ပြည်သူလူထုအနေနဲ့ မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ဖို့ ကြိုတင်အသိပေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးနဲ့အညီ လုံခြုံစိတ်ချရတဲ့ မဲပေးခြင်း ပြုလုပ်နိုင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းတွေကို လုပ်ငန်းလမ်းညွှန်တွေမှာပါဝင်တဲ့အတိုင်း Social Distancing အနေနဲ့ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခြား တန်းစီပြီး မဲပေးနိုင်ဖို့စီစဉ်ခြင်း၊ မဲရုံဝင်ပေါက်မှာ အဖျား ရှိ၊ မရှိ အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ ဖျားခြင်း၊ ချောင်းဆိုးခြင်းနဲ့ နှာချေခြင်း ရောဂါလက္ခဏာရှိနေသူတွေကို မဲရုံအတွင်း ဝင်ရောက်မဲပေးနိုင်ဖို့ ဖျားနေတဲ့သူကို မျက်နှာအကာတပ်ပြီး သီးသန့်စောင့်ဆိုင်း ဦးစားပေးမဲပေးနိုင်ဖို့ စီစဉ်ခြင်း၊ ကိုယ်ပိုင်ဘောပင်များ အသုံးပြုစေခြင်း၊ မဲရုံအတွင်း လက်သန့်ဆေးရည်များ လုံလောက်စွာ ထားရှိခြင်း စတာတွေကို စီစဉ်ဆောင်ရွက်သွားနိုင်ဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အကြံပြုထားပါတယ်။

မေး။ ။ ကြိုတင်မဲပေးမယ့်သူတွေအတွက် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဖို့ ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ ရွေးကောက်ပွဲဥပဒေအရ ကြိုတင်မဲပေး ပိုင်ခွင့်ရှိသူတွေကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်သန့်ရှင်းရေး အထူးအလေးပေးဖို့၊ ကြိုတင်မဲပေးရာမှာ ကူညီဆောင်ရွက်ကြမယ့် သူတွေအနေနဲ့လည်း လုပ်ငန်းလမ်းညွှန်မှာပါတဲ့အတိုင်း နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ၊ လက်အိတ်တွေ အသုံးပြုဆောင်ရွက်သွားဖို့ အကြံပြုထားပါတယ်။

မေး။ ။ မဲရုံတွေမှာ ကိုဗစ်–၁၉ ရောဂါကာကွယ်ဖို့ ဘယ်လိုပြင်ဆင်ကြမယ်ဆိုတဲ့ စံသတ်မှတ်ချက်တွေ ရှိပါသလား။

ဖြေ။ ။ မဲရုံတွေမှာ ကိုဗစ် –၁၉ ရောဂါကာကွယ်ဖို့ ကျန်းမာရေးနဲ့အညီ စံကိုက်ဆောင်ရွက်ထားတဲ့ မဲရုံတွေ ဖြစ်စေဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ညှိနှိုင်းဆန်းစစ်စစ်ဆေးဖို့ စာရင်း Check List တွေ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုံခြုံစိတ်ချရတဲ့မဲပေးခြင်းနဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းလမ်းညွှန်တွေမှာ ပါဝင်တဲ့အတိုင်း မဲရုံတွေမှာထားရှိမယ့် အစီအမံတွေဖြစ်တဲ့ Social Distancing ခြောက်ပေခွာပြီး ဆောင်ရွက်ခြင်း၊ မဲရုံနဲ့ မဲရုံသုံးပစ္စည်းတွေကို ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်နဲ့ ရွေးကောက်ပွဲကျင်းပပြီး နောက်ရက်တွေမှာ ပိုးသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ မဲရုံပြင်ပတန်းစီရာမှာ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် စီမံခန့်ခွဲဖို့ မဲရုံဝန်ထမ်းတစ်ဦး တာဝန်ချထားခြင်း၊ မဲရုံမှာ ကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေ သီးသန့်တာဝန်ယူကြီးကြပ်ဆောင်ရွက်ဖို့အတွက် ဒုတိယမဲရုံမှူး (သို့မဟုတ်) သင့်လျော်မည့်သူတစ်ဦးကို တာဝန်ချထားဆောင်ရွက်ခြင်း၊ မဲရုံအဖွဲ့ဝင်တွေကို မဲရုံမဖွင့်မီနဲ့ မဲရုံဖွင့်ပြီးကာလတွေမှာ သံသယရောဂါလက္ခဏာများ ရှိ၊ မရှိ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များမဲရုံအတွင်းမဝင်မီ ကိုယ်အပူချိန်စစ်ဆေးခြင်း၊ မဲရုံအတွင်း ရေမလိုလက်သန့်ဆေးရည်တွေကို စားပွဲတိုင်းမှာ လုံလောက်စွာထားရှိခြင်း၊ မဲဆန္ဒရှင်တွေ မဲရုံကို စတင်ဝင်ရောက်တဲ့အချိန်ကစပြီး အဆင့်တိုင်းမှာ လက်သန့်ဆေးရည် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ မဲရုံတစ်ရုံအတွင်းမှာ ရွေးကောက်ပွဲစောင့်ကြည့်သူတွေနဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ် အရေအတွက် သတ်မှတ်ဆောင်ရွက်ခြင်း၊ မဲရုံအတွင်း လေဝင်လေထွက် ကောင်းမွန်စေဖို့ ပြတင်းပေါက်များ ဖွင့်ထားခြင်းစတာတွေကို ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်တဲ့ မဲရုံတွေ ဖြစ်စေဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒေါက်တာသန္တာလွင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

မေး။ ။ မဲရုံတာဝန်ကျဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေအတွက် ကိုဗစ် – ၁၉ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတွေကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ။ မဲရုံတာဝန်ကျဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေ ရောဂါကူးစက်ဖြစ်ပွားမှု ကာကွယ်နိုင်ဖို့အတွက် ရွေးကောက်ပွဲတာဝန်ကျဝန်ထမ်းတွေ၊ ပါတီကိုယ်စားလှယ်တွေ၊ စောင့်ကြည့်သူတွေနဲ့ မီဒီယာတွေမှာ ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာ ဖြစ်ပွားနေသူတွေ တွေ့ရှိရင် (သို့မဟုတ်) အဆိုပါပုဂ္ဂိုလ်တွေရဲ့ မိသားစုဝင်တွေ၊ အနီးကပ်ထိတွေ့သူတွေမှာ ရောဂါလက္ခဏာများ ဖြစ်ပွားရင် မဲရုံကို လာရောက်တာဝန်မထမ်းဆောင်ဖို့နဲ့ ပတ်သက်ပြီး လုပ်ငန်းလမ်းညွှန်တွေမှာ ထည့်သွင်းသွားပါမယ်။ မဲရုံတာဝန်ကျဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် Video Conferencing Method/ Video clip တွေနဲ့ သင်တန်းပေးသွားပါမယ်။ ရွေးကောက်ပွဲလုပ်ငန်းလမ်းညွှန်မှာဖော်ပြထားတဲ့ ကျန်းမာရေးဆိုင်ရာ လိုက်နာရမယ့်အချက်တွေကို တိကျစွာလိုက်နာကြဖို့ကို အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ရွေးကောက်ပွဲတာဝန်ကျ ဝန်ထမ်းတွေကို နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ၊ လက်အိတ်တွေမဖြစ်မနေဝတ်ဆင်ရေး၊ မဲရုံအဝင်ပေါက် အဖျားတိုင်းတာမယ့်သူကို အဆိုပါ ရောဂါကာကွယ်ရေး ပစ္စည်းတွေအပြင် ရင်ကာတွေပါ ထောက်ပံ့ဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အခြားနီးနွယ်ဝန်ကြီးဌာနတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး။ ။ မဲရေတွက်တဲ့သူတွေ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေနဲ့ ရွေးကောက်ပွဲ သတင်းလာရောက်ရယူတဲ့သူတွေအတွက် ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ ကျန်းမာရေးရှုထောင့်ကနေ ဦးစားပေးဆွေးနွေးလိုတာကတော့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေ၊ သတင်းလာရောက်ရယူတဲ့သူတွေအနေနဲ့ သတ်မှတ်ထားတဲ့ ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ အကြံပြုချက်တွေကို အထူးသတိပြု တိတိကျကျလိုက်နာဆောင်ရွက်သွားဖို့ မေတ္တာရပ်ခံ တိုက်တွန်းပြောကြားလိုပါတယ်။ မဲရေတွက်တဲ့သူတွေ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေနဲ့ သတင်းလာရောက်ရယူမယ့်သူတွေဟာ Social Distancing၊ လက်သန့်ရှင်းရေးနဲ့ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းတွေ၊ လက်အိတ်ဝတ်ဆင်ခြင်းတွေကို အတိအကျလိုက်နာဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မဲရုံတစ်ခုရဲ့ အကျယ်အဝန်းပေါ်မူတည်ပြီး ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေနဲ့ သတင်းလာရောက်ယူမယ့်သူတွေရဲ့ အရေအတွက်သတ်မှတ်ချက်ကို တိတိကျကျ လိုက်နာဆောင်ရွက်ပေးကြဖို့ အထူးအရေးကြီးပါတယ်။

မေး။ ။ အခြား ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း သိပါရစေ။

ဖြေ။ ။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံအနေနဲ့ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အကြံပြုချက်တွေနဲ့ ရောဂါဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ ထိန်းချုပ်ထားနိုင်တဲ့ အခြေအနေမှာရှိပါတယ်။ ဒီလိုအောင်မြင်မှုအပေါ်မူတည်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပတဲ့အချိန်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ကပ်ရောဂါဗေဒအခြေအနေတွေကို သုံးသပ်ပြီး ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များထုတ်ပြန်ခြင်း၊ လိုအပ်တဲ့ နည်းပညာနဲ့ အရင်းအမြစ်များ ပံ့ပိုးခြင်းစတာတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအပါအဝင် ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမရှိစေရေးနဲ့ အောင်အောင်မြင်မြင် ဆောင်ရွက်သွားနိုင်ဖို့ကို ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တွေမှာ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက် အကူပြုကော်မတီတွေကို ဖွဲ့စည်းပြီး အကောင်းဆုံးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မင်းမင်းဇော် (သတင်းစဉ်)
ဓာတ်ပုံ – မောင်ဖိုးဇော်

■

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်း အရေးပေါ်အစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် ကိုဗစ်–၁၉ ကာလ ရောဂါကာကွယ်ရေး ကန့်သတ်ချက်များအရ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ပါဝင်တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် အသင်းသူအသင်းသားများ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌ ဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားကာ အမှုဆောင်ဟောင်းများက နုတ်ထွက်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမှုဆောင်သစ်အဖြစ် အဆိုပြုထားကြသူ အသင်းဝင်များဖြင့် အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်းအတည်ပြုနိုင်ရေး ဆွေးနွေးလုပ်ဆောင်ကြသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် ဥက္ကဋ္ဌအဖြစ် ဦးဟန်ထွေးအောင် (TV Asahi)၊ ဒုဥက္ကဋ္ဌ(၁)အဖြစ် ဦးမြတ်သူရ (Kyodo News)၊ ဒုဥက္ကဋ္ဌ(၂)အဖြစ် ဒေါ်လှလှဌေး (AFP)၊ အတွင်းရေးမှူးအဖြစ် ဦးသီဟသွယ် (NHK)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးငြိမ်းချမ်းနိုင် (EPA)၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်ရတနာထွန်း (Kyodo News)၊ စာရင်းစစ်အဖြစ် ဒေါ်စုမြတ်မွန် (Xinhua) တို့အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဒေါ်ခင်မိုမိုမြင့် (NHK)၊ ဦးစည်သူနိုင် (VOA)၊ ဒေါ်မျိုးမြတ်မြတ်ထွန်း (The Wall Street Journal)၊ ဦးသိန်းဇော် (AP) တို့အား ရွေးချယ်တင်မြှောက်ကြသည်။

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းကို ၁၉၈၉ ခုနှစ်၌ စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြို့နယ်အသီးသီး၌ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်

နေပြည်တော်　ဇူလိုင်　၂၁

၂၀၂၀-၂၀၂၁ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းမှစ၍ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။ ကျောင်းများ ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအတွင်းသို့ မဝင်ရောက်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ လက်ဆေးဘေစင်များဖြင့် စနစ်တကျ လက်ဆေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် ထားရှိကာ သင်ကြားပို့ချလျက်ရှိပြီး စာသင်ချိန်ပြီးဆုံးသည့်အခါတွင်လည်း သတ်မှတ်ထားသည့်အတိုင်း ခြောက်ပေခြား တန်းစီ၍ ပြန်လည်ထွက်ခွာရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကြေးမုံ

ကျိုင်းတုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားတစ်ဦးကို ကိုယ်အပူချိန်တိုင်းတာစစ်ဆေးစဉ်။ မင်းထက်အောင်(မန်းကိုယ်ပွား)

ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများ ခြောက်ပေခြားကာ ကျောင်းဝင်းအတွင်း စနစ်တကျ ဝင်ရောက်စဉ်။ မြို့နယ်(ပြန်/ဆက်)

မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားတစ်ဦးကို ကိုယ်အပူချိန်တိုင်းတာစစ်ဆေးစဉ်။ ပြည်နယ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စနစ်တကျ လက်ဆေးနေသည့် ကျောင်းသား ကျောင်းသူများကိုတွေ့ရစဉ်။ စိုးလင်းနိုင်(ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ သင်ခန်းစာများ သင်ကြားပို့ချလျက်ရှိသည်ကို တွေ့ရစဉ်။ ဝင်းထက်ထက်အောင်

နမ္မတီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ခြောက်ပေခြားကာ ကျောင်းဝင်းအတွင်း ဝင်ရောက်စဉ်။ မြို့နယ်(ပြန်/ဆက်)

ကာမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသူတစ်ဦးကို ကိုယ်အပူချိန်တိုင်းတာစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

သာပေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ ပေးဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

ကြေးမုံ

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အီရတ်ဝန်ကြီးချုပ် အီရန်သို့ သွားရောက်လည်ပတ်

တီဟီရန် ဇူလိုင် ၂၁

အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်လ်ကာဒီမီသည် အီရတ်နှင့် အီရန်နှစ်နိုင်ငံအကြား ကိစ္စရပ်များ၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် အီရန်နိုင်ငံမြို့တော် တီဟီရန်သို့ ယနေ့ရောက်ရှိလာခဲ့ကြောင်း အီရန်သတင်းအေဂျင်စီက ဖော်ပြသည်။

ဝန်ကြီးချုပ်အယ်လ်ကာဒီမီသည် ဇူလိုင် ၁၉ ရက်က အီရန်နိုင်ငံခြားရေးဝန်ကြီး အီရတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီးနောက် ယခုကဲ့သို့ အီရန်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်သည် ၎င်း၏ အီရတ်နိုင်ငံခရီးစဉ် အတောအတွင်း အီရတ်သမ္မတဘာဟမ် ဆာလိ၊ ဝန်ကြီးချုပ် မူစတာဖာ အယ်လ်ကာဒီမီ၊ နိုင်ငံခြားရေးဝန်ကြီး ဖူအတ်ဟူစိန်နှင့် အခြားအဆင့်မြင့် နိုင်ငံရေးသမား အများအပြားတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အပြင် အီရန်နိုင်ငံခြားရေးဝန်ကြီးသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် နှစ်နိုင်ငံ၏ အခန်းကဏ္ဍများနှင့် စပ်လျဉ်း၍ အီရတ်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အယ်လ်ကာဒီမီသည် ၎င်း၏ နှစ်ရက်တာ အီရန်ခရီးစဉ်အတွင်း အီရန်သမ္မတ ဟာဆန်ရိုဟာနီ၊ လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက်ဘာကာ ကာလီဘာ့ဖ်၊ အီရန်နိုင်ငံ၏ ထိပ်တန်းအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး အာလီရှမ် ခါနီနှင့် အီရန်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် အယာတိုလာ အာလီခါမေနီတို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း အီရန်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

တစ်ဆက်တည်းမှာပင် အီရတ်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးက အိမ်နီးချင်း အီရန်နှင့် အီရတ်နိုင်ငံတို့သည် နယ်ပယ်ပေါင်းစုံ၌ ဆက်ဆံရေးတိုးမြှင့်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ နယ်နိမိတ်မျဉ်းများသည် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နယ်နိမိတ်မျဉ်းများပင် ဖြစ်ကြောင်း စသည်ဖြင့် ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

အိန္ဒိယလေတပ်က ဇူလိုင် ၂၉ ရက်တွင် ရာဖေးလ် ဂျက်တိုက်လေယာဉ်ငါးစင်း တပ်တော်ဝင်မည်

နယူးဒေလီ ဇူလိုင် ၂၁

အိန္ဒိယလေတပ်ဖွဲ့ (IAF) က ပြင်သစ်နိုင်ငံမှဝယ်ယူထားသော ပထမအသုတ် ရာဖေးလ်ဂျက်တိုက်လေယာဉ်ငါးစင်းကို ဇူလိုင် ၂၉ ရက်တွင် တပ်တော်ဝင်ရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ရာဖေးလ်ဂျက်တိုက်လေယာဉ်များ တပ်တော်ဝင်အခမ်းအနားကို အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာယာနာပြည်နယ်ရှိ အမ်ဘာလာလေတပ်စခန်း၌ ရာသီဥတုအခြေအနေပေါ်မူတည်၍ ပြုလုပ်မည်ဖြစ်သည်။ "ပထမအသုတ် ရာဖေးလ်ဂျက်တိုက်လေယာဉ်ငါးစင်းက ယခုလကုန်မှာ အိန္ဒိယနိုင်ငံကို ရောက်ရှိဖွယ်ရှိပါတယ်။ ရာဖေးလ်ဂျက်တိုက်လေယာဉ်တွေကို ရာသီဥတုအခြေအနေအရ ဇူလိုင် ၂၉ ရက်မှာ အမ်ဘာလာ လေတပ်စခန်းမှာ တပ်တော်ဝင်မှာဖြစ်ပါတယ်။ လေယာဉ်တွေရောက်လာရင် မီဒီယာတွေ သတင်းယူမယ့်အစီအစဉ် မရှိပါဘူး" ဟု ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အပြီးသတ် တပ်တော်ဝင်အခမ်းအနားကို ဩဂုတ် ၂၀ ရက်တွင် မီဒီယာများ သတင်းရယူခွင့်အစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ IAF မှ တပ်ဖွဲ့ဝင်များက ရာဖေးလ်ဂျက်တိုက်လေယာဉ်များဆိုင်ရာ လေ့ကျင့်မှုများ ဆောင်ရွက်ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ "IAF တပ်ဖွဲ့ဝင်တွေ၊ မြေပြင်ဝန်ထမ်းတွေက ခေတ်မီလက်နက်စနစ်တွေ၊ အပြည့်အဝ အသုံးပြုတာတွေ အပါအဝင် ရာဖေးလ်ဂျက်တိုက်လေယာဉ်နဲ့ပတ်သက်တဲ့ သင်တန်းတွေ လေ့ကျင့်ပြီးဖြစ်ပါတယ်။ ဂျက်တိုက်လေယာဉ်တွေ ရောက်ရှိလာပြီးရင် လေယာဉ်ရဲ့အသုံးပြုနိုင်စွမ်းကို အလေးထားလေ့ကျင့်မှာဖြစ်ပါတယ်" ဟု ဝန်ကြီးဌာနက ဆိုသည်။

တပ်မတော်၏ ပံ့ပိုးမြှင့်တင်သည့် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံက ရာဖေးလ်ဂျက်တိုက်လေယာဉ် ၃၆ စင်း ဝယ်ယူရန် ၂၀၁၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

လက်ဘနွန်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန်သေဆုံးမှု ပထမဆုံးဖြစ်ပွား

ဘေရွတ် ဇူလိုင် ၂၁

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရှေ့တန်းမျက်နှာစာ၌ တိုက်ပွဲဝင်နေသော လက်ဘနွန်ဆရာဝန်တစ်ဦးသည် ကိုဗစ်-၁၉ ရောဂါဖြင့် ဇူလိုင် ၂၀ ရက်က သေဆုံးခဲ့ကြောင်း လက်ဘနွန်အမျိုးသား သတင်းအေဂျင်စီက ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံ တာယာမြို့ရှိ လက်ဘနွန်-အီတလီ ဆေးရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော အသက် ၃၂ နှစ်အရွယ် အဆိုပါ ဆရာဝန်သည် ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ဆရာဝန်သည် သုံးကြိမ်တိုင်တိုင် ရောဂါစမ်းသပ်စစ်ဆေးခံခဲ့ပြီး ၎င်းမှာ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့သဖြင့် ခုနစ်ရက်ကြာ သီးခြားခွဲ၍ ဆက်လက်နေခဲ့ရသည်။ သို့သော် ၎င်းမှာ ရောဂါပိုဆိုးလာခဲ့ပြီးနောက် လွန်ခဲ့သည့်လေးရက်က နိုင်ငံ၏ တောင်ဘက် နာဘာတစ်မြို့ရှိ နာဘိဘာရီဆေးရုံသို့ ပို့ဆောင်ခြင်းခံခဲ့ကာ အဆိုပါဆေးရုံ၌ အလွန်ပြင်းထန်သော နမိုးနီးယားရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ရောဂါကြောင့် သေဆုံးခဲ့

လက်ဘနွန်နိုင်ငံတွင် ယခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်က ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်ကတည်းက ယနေ့အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၀၅ ဦးရှိလာပြီး ၎င်းတို့အနက် ၄၁ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၄၈၉၂၅၇၇ ဦး

သေဆုံးသူ
၆၁၄၂၀၈ ဦး

ပြန်လည်ကျန်းမာလာသူ
၈၉၄၅၉၇၉ ဦး

ဇင်ဘာဘွေ၌ ကျန်းမာရေးဝန်ထမ်း ၂၅ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ဆေးရုံလုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်း

ဟာရာရီ ဇူလိုင် ၂၁

ဇင်ဘာဘွေနိုင်ငံ မစ်လန်းပြည်နယ်ရှိ ဇဗစ်ရှ်ဗိန်းခရိုင်ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်း ၂၅ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီးနောက် ဆေးရုံတက်ခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရပ်ဆိုင်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရောဂါကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်း ၂၅ ဦးအနက် အများစုမှာ သူနာပြုများဖြစ်ကြပြီး သုံးဦးသည် အဆိုပါ ဆေးရုံရှိ ဖွား၊ သေ မှတ်တမ်းရုံးမှ အရာရှိများဖြစ်ကြောင်း သိရသည်။

မကြာသေးမီက ဇင်ဘာဘွေနိုင်ငံ ဘူလာဝါယိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ကျန်းမာရေးဝန်ထမ်း ၁၃ ဦး သေဆုံးခဲ့ပြီးနောက် မစ်လန်းပြည်နယ်ရှိ ပုဂ္ဂလိကဆေးရုံတစ်ခုမှ ကျန်းမာရေးဝန်ထမ်း သုံးဦး ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရရာ မစ်လန်းပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်းဦးရေ ပို၍မြင့်တက်လာခဲ့ကြောင်း သိရသည်။

မစ်လန်းပြည်နယ်၌ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခဲ့ပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်က ဇဗစ်ရှ်ဗိန်းခရိုင်ဆေးရုံတွင် လူ ၂၉ ဦး၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း မစ်လန်းပြည်နယ် ရေးရာဝန်ကြီးနှင့်ပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ လာရီမာဗီမာက ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဇဗစ်ရှ်ဗိန်းခရိုင်ဆေးရုံသည် ဇူလိုင် ၁၃ ရက်က လူရှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ရာ ၎င်းတို့အနက် နှစ်ဦးသည် ကျန်းမာရေးဝန်ထမ်းများဖြစ်ကြောင်း၊ ထို့အတူ ဇူလိုင် ၂၀ ရက်က လူ ၂၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ရာ ၎င်းတို့အနက် ၂၅ ဦးသည် ကျန်းမာရေးဝန်ထမ်းများဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယခုအခါ ကျန်းမာရေးအာဏာပိုင်များသည် ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု၏ ဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသလို ရောဂါကူးစက်ခံရသူ ၂၈ ဦးတို့ ထိတွေ့ဆက်ဆံမှုရှိခဲ့သည့် လူများနှင့် နေရာများကိုလည်း ခြေရာခံ စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် ဥရောပသမဂ္ဂအကြီးအကဲများ သဘောတူညီချက်ရရှိ

ဘရပ်ဆဲလ် ဇူလိုင် ၂၁

ဥရောပသမဂ္ဂမှ အကြီးအကဲများသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကိုရိုနာဗိုင်းရပ်စ်အလွန်ကာလ စီးပွားရေးပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ယူရို ၇၅၀ ဘီလီယံ သုံးစွဲရန်နှင့်ပတ်သက်ပြီး ဇူလိုင် ၂၁ ရက် အစည်းအဝေး၌ သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်များအနေဖြင့် ဥရောပသမဂ္ဂ၏ ၂၀၂၁-၂၀၂၇ ခုနှစ်နှစ်တာဘတ်ဂျက်အတွက် ယူရို ၁ ဒသမ ၁ ထရီလီယံ သုံးစွဲရန်လည်း သဘောတူညီခဲ့ကြသည်။ ညီလာခံ၏ သဘာပတိ ချားစ်မိုက်ကယ်က အထက်ပါသဘောတူညီချက်ကို နံနက် ၅ နာရီ ၁၅ မိနစ်တွင် ရရှိခဲ့ကြောင်း တွစ်တာ၌ ရေးသားခဲ့သည်။

ဆွေးနွေးပွဲတွင် ဥရောပဒေသအား ကိုရိုနာဗိုင်းရပ်စ်၏ ခြိမ်းခြောက်မှုနှင့် စီးပွားရေးထိခိုက်မှုများကို အလေးထားဆွေးနွေးခဲ့ကြသည်။

"ယခုလို ဆောင်ရွက်ခဲ့မှုတွေဟာ သမိုင်းဝင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးအနေနဲ့ ညီညွတ်တဲ့စိတ်ဓာတ်ကို ပြသပြီး ပြန်လည်ထူထောင်ရေးရန်ပုံငွေကို တည်ထောင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြင်သစ်သမ္မတ မက်ခရွန်က ဆွေးနွေးပွဲတွင် ပြောကြားသည်။

ပြင်သစ်နှင့် ဂျာမနီတို့အနေဖြင့် သဘောတူညီချက်ရရှိရေး ဆောင်ရွက်ရာတွင် နယ်သာလန်နှင့် ဩစတြီးယားနိုင်ငံများမှ အတိုက်အခံပြုလုပ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

အိန္ဒိယနိုင်ငံ၏ စရိတ်နည်းလေကြောင်းလိုင်း အင်ဒီဂိုက ဝန်ထမ်းအင်အား ၁၀ ရာခိုင်နှုန်း လျှော့ချမည်

နယူးဒေလီ ဇူလိုင် ၂၁

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ဘဏ္ဍာရေးအခက်အခဲ ကြုံတွေ့နေရသော အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး စရိတ်နည်းလေကြောင်းလိုင်း အင်ဒီဂိုက ဝန်ထမ်းအင်အား ၁၀ ရာခိုင်နှုန်း လျှော့ချမည်ဟု ယမန်နေ့က ပြောကြားခဲ့သည်။

အင်ဒီဂိုလေကြောင်းလိုင်းသည် မကြာသေးမီနှစ်များအတွင်း အိန္ဒိယပြည်တွင်းဈေးကွက် ထက်ဝက်ခန့်အထိ ဈေးကွက်မြန်မြန်ဆန်ဆန်ရရှိလာခဲ့ပြီး ပြည်တွင်းလေကြောင်းပို့ဆောင်ရေးကဏ္ဍမှ အမြတ်အစွန်းများစွာ ရရှိခဲ့သည်။ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးဖြစ်ပွားနေချိန်တွင် လေဆိပ်များကို ပိတ်ခဲ့ပြီး လေကြောင်းခရီးသွားလာမှုများကို လျှော့ချခဲ့ကြောင်း အင်ဒီဂိုလေကြောင်းလိုင်းက ပြောကြားခဲ့သည်။

"ဒီလိုစီးပွားရေးအကျပ်အတည်း ကြုံတွေ့နေချိန်မှာ စွန့်လွှတ်မှုတွေမလုပ်ဘဲ လေကြောင်းခရီးစဉ်တွေ ပြေးဆွဲဖို့ မဖြစ်နိုင်ပါဘူး"ဟု အင်ဒီဂိုလေကြောင်းလိုင်း အမှုဆောင်ချုပ် ရိုနိုဂျွိုင်းဒွတ်တားက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ဖြစ်နိုင်ဖွယ်ရာများ အကဲဖြတ်ကာ ပြန်လည်သုံးသပ်ပြီးနောက် ဝန်ထမ်းအင်အား ၁၀ ရာ ခိုင်နှုန်း လျှော့ချမည်ဟု ၎င်းက ဆိုသည်။ အင်ဒီဂိုလေကြောင်းလိုင်းတွင် ဝန်ထမ်းအင်အား ၂၄၀၀၀ ဝန်းကျင်ရှိကြောင်း ဒေသန္တရမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းများမှာ ကိုရိုနာဗိုင်းရပ်စ်ဘေး ဆိုးဆိုးရွားရွားခံခဲ့ရကာ လေကြောင်းလိုင်းအချို့က ဒေဝါလီခံကြပြီး အချို့က ဝန်ထမ်းအင်အားလျှော့ချခြင်း သို့မဟုတ် အစိုးရများထံ ကယ်ဆယ်ရေးစီမံချက်များ တောင်းဆိုခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး

ဘရာဇီးဝန်ကြီးနှစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

ဘရာဇီးလီးယား ဇူလိုင် ၂၁

ဘရာဇီးသမ္မတ ဂျေးဘိုလ်ဆိုနာရို၏ ကက်ဘိနက်အဖွဲ့ဝင် နှစ်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ပညာရေးဝန်ကြီး မီလ်တန်ရီဘေရိုနှင့် ပြည်ထဲရေးဝန်ကြီး အိုနစ်လိုရင်ဇိုနီတို့ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းတို့မှာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ထို့အတူ ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် လနှင့်ချီ ကြိုးပမ်းလုပ်ဆောင်လာခဲ့ပြီးနောက် ဇူလိုင် ၇ ရက်က ၎င်းကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ယခုအခါ ဘရာဇီးလီးယားမြို့ရှိ ၎င်း၏ နေအိမ်၌ သီးခြားခွဲ၍ နေထိုင်ကာ ယခုအခါ ပြန်လည်ကျန်းမာလာကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီး လိုရင်ဇိုနီသည် ဇူလိုင် ၁၆ ရက်က ကိုဗစ်-၁၉ ရောဂါလက္ခဏာကို စတင်ခံစားခဲ့ရပြီးနောက် azithromycin၊ invermectin နှင့် chloroquine စသည့် ဆေးဝါးများကို သောက်ပြီး ဇူလိုင် ၁၇ ရက်တွင် ရောဂါပြန်လည်စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်၌ ရေးသားဖော်ပြထားသည်။

ထို့အတူ ဝန်ကြီးရီဘေရိုက မိမိသည် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှု ခံယူခဲ့ပြီးနောက် ဇူလိုင် ၂၀ ရက်က ဆေးအဖြေ

ပြည်ထဲရေးဝန်ကြီး အိုနစ်လိုရင်ဇိုနီ

လက်ခံရရှိခဲ့ကာ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့သောကြောင့် ယင်းနေ့မှစ၍ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်ဟု ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ဖော်ပြထားသည်။ သို့သော် ဝန်ကြီးရီဘေရိုသည် ၎င်း၏ ရုံးလုပ်ငန်းများကို ဘရာဇီးလီးယားမြို့ရှိ ဟိုတယ်တစ်ခုမှ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံ၌ အခြားတာဝန်ရှိသူများ အပါအဝင် ကက်ဘိနက်အဖွဲ့ဝင်လေးဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီး ဘင်တိုအယ်လ်ဘူကွေယာကီနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဩဂတ်စတိုဟယ်လယ်နိုတို့သည် ရောဂါကူးစက်ခံခဲ့ရပြီးနောက် ရောဂါမှ ချက်ချင်းပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးနောက် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအဆိုးဆုံး ထိခိုက်သွားသည့်နိုင်ငံဖြစ်လာခဲ့သည်။ လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၂၁၆၄၅ ဦးရှိပြီး ၈၀၂၅၁၁ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း ဂျွန်ဟော့ပ်ကင်း သုတေသနလေ့လာရေး တက္ကသိုလ်မှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးစစ်ဘက်သုံး ဆက်သွယ်ရေးဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

ဆိုးလ် ဇူလိုင် ၂၁

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော စစ်ဘက်သုံး ဆက်သွယ်ရေးဂြိုဟ်တုကို ပုဂ္ဂလိကအော်ပရေတာ SpaceX က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ကာကွယ်ရေးစွမ်းပကားများ တည်ဆောက်နေသည့် တောင်ကိုရီးယားနိုင်ငံက ယနေ့ ပြောကြားလိုက်သည်။

The ANASIS-II ခေါ် အဆိုပါ စစ်ဘက်သုံး ဆက်သွယ်ရေးဂြိုဟ်တုက နျူကလီးယားလက်နက်ပိုင် မြောက်ကိုရီးယားနိုင်ငံ၏ ရန်မှကာကွယ်ရာတွင် တောင်ကိုရီးယားနိုင်ငံ၏ စွမ်းပကားကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။ ယင်းဂြိုဟ်တုသယ်ဆောင်သော Falcon 9 ဒုံးပျံကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကိတ်ပ်ကာနီဗီရယ်လ် လေတပ်စခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအစီအစဉ်ဌာန (DAPA) က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ဂြိုဟ်တုကို ယမန်နေ့ မွန်းလွဲပိုင်းက လွှတ်တင်ပြီး ၃၂ မိနစ်အကြာတွင် ထိထိရောက်ရောက် အသုံးချခဲ့ကြောင်း SpaceX က အတည်ပြုခဲ့သည်။ ယခုဂြိုဟ်တုလွှတ်တင်မှုကြောင့် တောင်ကိုရီးယားနိုင်ငံက စစ်ဘက်သုံး ဆက်သွယ်ရေးဂြိုဟ်တု ပိုင်ဆိုင်သည့် ဒသမမြောက်နိုင်ငံဖြစ်လာခဲ့ကြောင်း DAPA က ပြောကြားခဲ့သည်။

ဤဂြိုဟ်တုက နှစ်ပတ်အတွင်း ကီလိုမီတာ ၃၆၀၀၀ ရှိသော ကမ္ဘာ့ပတ်လမ်းအတွင်း ရောက်ရှိမည်ဟု မျှော်မှန်းရကြောင်း၊ စမ်းသပ်မှုပြုလုပ်ပြီးလျှင် တောင်ကိုရီးယားတပ်မတော်က အောက်တိုဘာလအတွင်း ဂြိုဟ်တုကို လွှဲယူမည်ဖြစ်ကြောင်း DAPA က ဆိုသည်။

ဂြိုဟ်တုလွှတ်တင်မှုကြောင့် တောင်ကိုးရီးယားတပ်မတော်၏ စစ်ဆင်ရေးဆင်နွှဲမှု စွမ်းပကားများ တိုးတက်လာမည်ဟု မျှော်မှန်းရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး

ရာမောင်တံတားနှင့် ကမ်းနီကြား တောင်ပုတ်ကေကျေးရွာအနီးတွင် သင်တန်းသား အရာရှိ၊ စစ်သည်များ စီးနင်းလာသောယာဉ်တန်းအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဇူလိုင် ၂၁
ရန်ကုန်-စစ်တွေ ကားလမ်းမကြီးအတိုင်း မင်းပြားမြို့မှ ကမ်းနီဘက်သို့ သင်တန်းသား အရာရှိ၊ စစ်သည်များ စီးနင်းလာသော တပ်မတော်အုပ်ချုပ်မှု ယာဉ်တန်းတစ်ခုကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ယမန်နေ့ ည ၉ နာရီခန့်တွင် ရာမောင်တံတားနှင့် ကမ်းနီကြား တောင်ပုတ်ကေကျေးရွာ အနီး နေရာ ခြောက်နေရာမှ အလစ်အငိုက် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ တပ်မတော်စစ်ကြောင်းများက အချိန်မီ သွားရောက်ပူးပေါင်း၍ စစ်ကူ ပစ်ကူဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းစဉ်

သီနီမြို့နယ်၌ လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၁
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီနီမြို့၌ လုယက်မှုကျူးလွန်သူများအား ယမန်နေ့က ဖော်ထုတ်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သီနီမြို့ (၄)ရပ်ကွက်နေ ကျိန်းမင်းသည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီက ပန်လော့ကျေးရွာနေ မအားမင်ပါနှစ်ဦးနှင့်အတူ စယ်အူကျေးရွာအနီး နမ့်မျှင်ဆည်၌ ရေကစားနေစဉ် အမျိုးသားနှစ်ဦးမှာ ဓားရှည် တစ်ချောင်း ကိုင်ဆောင်ရောက်ရှိလာကာ ကျိန်းမင်းအား ဓားဖြင့်ခုတ်သဖြင့် လည်ပင်းပြတ်ရှ ဒဏ်ရာရရှိခဲ့ပြီး မအားမင်၏ ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးအား လုယူ ထွက်ပြေးသွားခဲ့သောကြောင့် ကျိန်းမင်း၏ဖခင်ဖြစ်သူ ဦးလုရီချုံးက ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ်အရေးယူပေးရန် ဇူလိုင် ၁၉ ရက် ည ၁၀ နာရီခွဲ က တိုင်တန်းချက်အရ သီနီမြို့မရဲစခန်းက(ပ)၆၃/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ပန်လော့ကျေးရွာအနီး အိုရီယမ်တယ်တိုးဂိတ်ရှိ စီစီတီဗွီမှတ်တမ်းများအရ ပြစ်မှုကျူးလွန်သူများမှာ စွမ်မုန်း(ခ)အိုက်မင်းနှင့် ဝင်းကိုအောင်(ခ)အိုက်ဝင်းတို့ဖြစ်ကြောင်းသိရပြီး ယမန်နေ့ နံနက် ၇ နာရီခွဲတွင် စွမ်မုန်း(ခ)အိုက်မင်း၏ နေအိမ်၌ ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကာ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

အင်းစိန်မြို့နယ်၌ ရထားလမ်းပေါ် လမ်းလျှောက်လာသူများအား ရထားတိုက်မိရာမှ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

ရန်ကုန် ဇူလိုင် ၂၁
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ယမန်နေ့ ည ၇ နာရီ ၄၅ မိနစ်က ရထားလမ်းပေါ် လမ်းလျှောက်သူ သုံးဦးအား ရထားတိုက်မိ၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် တညင်းကုန်းဘူတာနှင့် အောင်ဆန်းဘူတာအကြား တွင် ရထားတိုက်မှုဖြစ်၍ သုံးဦး ဒဏ်ရာရရှိကြောင်း သိရသဖြင့် ဒုတိယ ရဲမှူးတင်လတ်နှင့်အဖွဲ့က သွားရောက် စစ်ဆေးရာ စက်ခေါင်းမောင်း ဦးဝင်းအောင်၊ ရထားထိန်း ကိုဇော်လွင်တို့ မောင်းနှင်လာသော မြို့ပတ်ရထားမှာ တညင်းကုန်းဘက်မှ အင်းစိန်ဘက်သို့ မောင်းနှင်လာစဉ် တညင်းကုန်းဘူတာနှင့် အောင်ဆန်းဘူတာကြား မိုင်တိုင်အမှတ်(12/5-4) အရောက် ရထားလမ်းပေါ် လမ်းလျှောက်သူ မဇင်မာအောင်၊ ချစ်ဦးနှင့် ဇင်မင်းထွန်းတို့အား တိုက်မိရာ မဇင်မာအောင်မှာ သေဆုံးသွားကာ ချစ်ဦးနှင့် ဇင်မင်းထွန်းတို့တွင် ဒဏ်ရာများရရှိသွား၍ အင်းစိန်ဆေးရုံတွင် အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက သေမှုသေခင်း ဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၁
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက် တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၁ စီး၊ သွင်းကုန် ၄၀၅ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။ အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈၄ သန်း တန်ဖိုးရှိ) တရားမဝင်အကောက်ခွန်မဲ့ Spy Wine (275 ml)(1x24)(42 Pkgs) အား သိမ်းဆည်းရမိကြောင်း သိရသည်။

သတင်းစဉ်

စိုင်းပွတ်(ခ)အိုက်ခွက်(ခ)လောက်အယ်၊ ဆိုင်ပေါင်း၊ အိုက်ရီ(ခ)အိုက်ရီကူး၊ ကျာဘ(ခ)ယားပါ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တာချီလိတ်နှင့် ကွတ်ခိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၁
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်း အဖွဲ့သည် ယမန်နေ့ ညပိုင်းက တာချီလိတ်မြို့နယ် ဝမ်မိုင်ကျေးရွာအနီး ကားလမ်းတွင် ကျာဘ(ခ)ယားပါ မောင်းနှင်ပြီး စိုင်းပွတ်(ခ)အိုက်ခွက်(ခ) လောက်အယ်နှင့် အိုက်ရီ(ခ)အိုက်ရီကူးတို့ လိုက်ပါလာသောယာဉ်ကို ရပ်တန့် ရှာဖွေရာ ငွေကျပ် သိန်း ၂၉၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊

အလားတူ ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်နေ အိုက်နွဲ့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ နှင့် ဘိန်းဆီခဲ သုည ဒသမ ၀၇ ကီလို တို့ကို လည်းကောင်း၊

ထို့အတူ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-ကောင်းခါးကျေးရွာသွားလမ်း ခိုလုံကျေးရွာအနီးတွင် ဇော်ခေါင် မောင်းနှင်ပြီး နော်ဘုန် လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဆန်းသစ် တီထွင်

ယခုအခြေအနေတွင် စိန်ခေါ်မှုကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက်သည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ်တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍ အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်းအမြစ်များကို မည်သို့ ပိုပြီးတန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာအတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် ကိုယ့်နိုင်ငံထီးထီးကြီးရှိသည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် တချို့နိုင်ငံများ၌ ယခုအချိန်တွင် စားသောက်ကုန်ပစ္စည်းတစ်ခု လိုအပ်လာလျှင် မူအရ ရောင်းနိုင်မည်ဆိုပါက ရောင်းရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပေးနိုင်သလောက် ရောင်းနိုင်သလောက် ရောင်းရမည် ဖြစ်ပါကြောင်း၊ သူတစ်ပါး ဒုက္ခရောက်ချိန်၊ အခက်အခဲဖြစ်နေချိန်တွင် ပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကူညီမှုသည် လူသားချင်း စာနာထောက်ထားမှုလည်းဖြစ်သလို ကမ္ဘာ့လူသားများကြားတွင် ဆက်ဆံရေးအတွက်လည်း ကောင်းပါကြောင်း၊ နောင်ရေရှည်တွင်လည်း ကံ၊ ကံ၏ အကျိုးအတိုင်း မိမိ၏စေတနာသည် ပြန်အကျိုးပေးမည်ဟု ယုံကြည်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၆-၂၀၂၀ ရက်နေ့တွင် COVID -19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ ၂၁၀ ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ ၁၆၇ ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၂) ခု စုစုပေါင်း ၆၄၉ ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိပါ။

၂။ (၂၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၃၄၁ ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ (၂) ဦး (Case- 215, 303) ရှိသဖြင့် စုစုပေါင်း ၂၈၀ ဦးရှိပါသည်။ ၎င်းတို့အနက် ၂၆၆ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၀-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၁-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် ၂၀ ဦးရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၁-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၁၀) ခု
(၂၁-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၆၇) ခု
(၂၁-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၇၂) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၄၁) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၂) ဦး	(၂၈၀) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၀-၇-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၁၉၃) ခုတွင်-
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

၂။ (၂၁-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၃၄၁ ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၀-၇-၂၀၂၀)ရက်နေ့တွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ် နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၇၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၂၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ ၇၆ ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ ၂၅၆ ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀)မှ ဓာတ်ခွဲနမူနာ ၁၈၂ ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ ၁၂၁၅ ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ ထုတ်ပြန်ချက်
(၂၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၂၀-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၉၃) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ကိုယ်စားလှယ်များနှင့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အခက်အခဲများ၊ လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းရေးအတွက် ယနေ့နံနက်ပိုင်းက ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ပြည်တွင်းကူးစက်ပျံ့နှံ့မှု သိသာထင်ရှားစွာ မတွေ့ရှိရသော်လည်း ပြည်ပမှ ပြန်လာသူများတွင် ကူးစက်ခံလာရနိုင်သည့်အတွက် ကန့်သတ်စောင့်ကြည့်ရေးလုပ်ငန်းစဉ်သည် အရေးကြီးကြောင်း၊ အဆိုပါလုပ်ငန်းစဉ်တွင် ပူးပေါင်းကူညီကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် မိမိတို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင်လည်း ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းလိုပါကြောင်းနှင့် ဒေသအလိုက် မတူညီသည့် အခက်အခဲ၊ လိုအပ်ချက်များရှိမည်ဖြစ်ရာ ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ ပရဟိတအဖွဲ့ဝင်များက ဆွေးနွေးကြရာ ကိုဗစ်-၁၉ အသိပညာပေးဆောင်ရွက်ရာတွင် အချို့သောဒေသခံတိုင်းရင်းသားများအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ဘာသာစကားအခက်အခဲများ ကြုံတွေ့ရခြင်း၊ ချင်းပြည်နယ်တွင် အချို့နေရာများ၌ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှုကြောင့် ရေနှင့် အစားအသောက်သယ်ယူပို့ဆောင်ရေး၊ ကန့်သတ်စောင့်ကြည့်ခံရသူများ၏ နှာခေါင်းနှင့် အာခေါင်တို့ဖတ် နမူနာများ ပို့ဆောင်ရေးတို့တွင် အခက်အခဲရှိခြင်း၊ ယာဉ်စက်သုံးဆီများ လိုအပ်ခြင်း၊ ကိုဗစ်-၁၉ ကာလ အချိန်ကြာလာသည့်နှင့်အမျှ ကန့်သတ်စောင့်ကြည့်ခံရသူများအတွက် အစားအသောက်စရိတ် လိုအပ်လာခြင်း၊ တရားမဝင်လမ်းကြောင်းများ အထူးသဖြင့် ရေလမ်းကြောင်းများမှ ပြန်လည်ဝင်ရောက်လာမှုများအတွက် ကြပ်မတ်ဆောင်ရွက်ပေးစေလိုခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ လက်အိတ်များ၊ PPE ဝတ်စုံများ ပံ့ပိုးပေးစေလိုခြင်း၊ ကျောင်းများတွင် ခြေနင်းအမှိုက်ပုံးများသာ အသုံးပြုစေလိုပြီး လုံလောက်စွာ ပံ့ပိုးပေးစေလိုခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းများ ပေးစေလိုခြင်းနှင့် ကိုဗစ်-၁၉ ကာလသည် ရေရှည်ဖြစ်လာ၍ ပါဝင်ကူညီကြသော စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များအတွက် နိုင်ငံတော်အစိုးရက ပိုမိုပံ့ပိုးကူညီပေးစေလိုခြင်း စသည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့်အချက်များကို အမြန်ဆုံးနှင့် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပုဇွန်တောင်မြို့နယ်၌ အခြေခံစားသောက်ကုန်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၁၀)ရပ်ကွက် လမ်း ၅၀ Bachelor မိသားစုများက ပုဇွန်တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းဥယျာဉ်ဌာန၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်ရဲတပ်ဖွဲ့၊ တိုင်းအရန်ရဲရိပ်သာ ကင်းအဖွဲ့တို့မှ ဝန်ထမ်းမိသားစုများ၊ အငှားယာဉ်မောင်းများ၊ အနေးယာဉ်လုပ်သားများနှင့် အခြေခံလူတန်းစားများအား ကိုဗစ်-၁၉ကာလအတွင်း ကူညီထောက်ပံ့ခြင်း အစီအစဉ်အဖြစ် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာ၊ ကြက်သွန်များကို ယနေ့ညနေပိုင်းတွင် လမ်း ၅၀ ထိပ်၌ စတုတ္ထအကြိမ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဥမ္မာ

တောင်ကြီးမြို့ပေါ် ရပ်ကွက် (၆)ရပ်ကွက်ရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များ ဒုတိယအကြိမ် ဆက်လက်ထောက်ပံ့

တောင်ကြီး ဇူလိုင် ၂၁

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာထုပ်များ ဒုတိယအကြိမ် ဆက်လက်ထောက်ပံ့လျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် မြို့ပေါ်၌ ကျန်ရှိသည့် ရပ်ကွက်ခြောက်ရပ်ကွက်မှ အခြေခံပြည်သူများအား လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာသို့ ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းနှင့် ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ ကရှေ့ရပ်ကွက်၊ ဟော်ကုန်းရပ်ကွက်၊ ကံအောက်ရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ကံသာရပ်ကွက် စုစုပေါင်း ရပ်ကွက် ခြောက်ခုသို့ သွားရောက်၍ ရပ်ကွက်နေ အခြေခံပြည်သူအိမ်ထောင်စု ၄၆၅ စုတို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ၄၆၅ ထုပ်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မနေဖြူမြို့၌ သဘာဝရေပြင်နှင့် အင်းအတွင်း ငါးမျိုးများ စိုက်ထည့်

မနေဖြူ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မနေဖြူမြို့နယ်တွင် နေ့စဉ်နှင့်အမျှ ပြည်သူများ စားသုံးနေသည့် ငါးများမပြုန်းတီးရေးနှင့် ငါးမျိုးဆက် သယံဇာတပြန့်ပွားရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို မနေဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အကျော်ချောင်းမကြီး သဘာဝရေပြင်တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်း၊ မြို့နယ်ဆင့်ဌာနဆိုင်ရာများ၊ အင်းသားကြီးများနှင့် ရေလုပ်သားများက ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၆၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၉၀၀၀၀ အား အကျော်ချောင်းမကြီး သဘာဝရေပြင်နှင့် ကြေးတိုင်ရညောင်ချောင်းဝအင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

❖ **ချင်းရွှေဟော်မြို့မှ**

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၅၂ ဦးမှာ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၅ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ ၅၀ တို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၄၉၄ ဦးနှင့် အမျိုးသမီး ၆၀၃၉ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၅၃၃ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

❍ **ကျောဖုံးမှ**

သင်္ဘောများပေါ်မှ ဆင်းလာသည့် အဆိုပါမြန်မာသင်္ဘောသား ၁၉ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသော Taihua Maritime, Ltd ပိုင် M.T Taihua Glory သင်္ဘောပေါ်သို့ တက်ရောက်မည့် ဦးတင်အောင်လင်း ဦးစီးသင်္ဘောသား ခုနစ်ဦးနှင့် Sea Wind Maritime Services Co., Ltd. ပိုင် M.T Spica သင်္ဘောပေါ် သို့ တက်ရောက်မည့် ဦးထွန်းဇော်လင်း ဦးစီးသင်္ဘောသား ၁၄ ဦးတို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။

သင်္ဘောများပေါ်မှ ဆင်းလာသည့် မြန်မာသင်္ဘောသား ၁၉ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့တွင် Hotel Quarantine ၂၁ ရက် ထားရှိပြီး ၎င်းတို့၏ Swb နမူနာများအား ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၀၄၈၇၄	၃၄၁

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၈၀	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၅၆၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၆၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၃	၅
၂	ရခိုင်	၁၅	
၃	ချင်း	၁၂	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၄	
၉	ရှမ်း(ရှေ့)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ကရင်	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
	စုစုပေါင်း	၃၄၁	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၁-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၃၉၆၃၃၇၆	၁၈၅၀၉၉၇	၁၄၃၈၈၉
ဘရာဇီး	၂၁၂၁၆၄၅	၁၄၀၉၂၀၂	၈၀၂၅၁
အိန္ဒိယ	၁၁၅၇၂၁၈	၇၂၆၁၉၃	၂၈၁၂၈
ရုရှား	၇၈၃၃၂၈	၅၆၂၃၈၄	၁၂၅၈၀
တောင်အာဖရိက	၃၇၃၆၂၈	၁၉၄၈၆၅	၅၁၇၃
ပီရူး	၃၅၇၆၈၁	၂၄၅၀၈၁	၁၃၃၈၄
မက္ကဆီကို	၃၄၉၃၉၆	၂၂၂၀၆၈	၃၉၄၈၅
ချီလီ	၃၃၃၀၂၉	၃၀၃၉၉၂	၈၆၃၃
စပိန်	၃၁၁၉၁၆	စိစစ်ဆဲ	၂၈၄၂၂
ဗြိတိန်	၂၉၅၃၇၂	စိစစ်ဆဲ	၄၅၃၁၂

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အင်ဒိုနီးရှား	၈၉၈၆၉	၄၈၄၆၆	၄၃၂၀
ဖိလစ်ပိုင်	၇၀၇၆၄	၂၃၂၈၁	၁၈၃၇
စင်ကာပူ	၄၈၄၃၄	၄၄၃၇၁	၂၇
မလေးရှား	၈၈၁၅	၈၅၆၂	၁၂၃
ထိုင်း	၃၂၅၅	၃၁၀၅	၅၈
ဗီယက်နမ်	၃၉၆	၃၆၉	၀
မြန်မာ	၃၄၁	၂၈၀	၆
ကမ္ဘောဒီးယား	၁၉၇	၁၄၀	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၁၉	၁၉	၀

မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၄၈ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၁

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၄၈ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက်တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး၊ ဇူလိုင် ၇ ရက်တွင် ၈၅၁ ဦး၊ ဇူလိုင် ၈ ရက်တွင် ၆၆၈ ဦး၊ ဇူလိုင် ၉ ရက်တွင် ၇၈၃ ဦး၊ ဇူလိုင် ၁၀ ရက်တွင် ၅၆၀၊ ဇူလိုင် ၁၁ ရက်တွင် ၆၁၁ ဦး၊ ဇူလိုင် ၁၂ ရက်တွင် ၆၃၄ဦး၊ ဇူလိုင် ၁၃ ရက်တွင် ၅၃၀၊ ဇူလိုင် ၁၄ ရက်တွင် ၃၇၉ ဦး၊ ဇူလိုင် ၁၅ ရက်တွင် ၃၀၆ ဦး၊ ဇူလိုင် ၁၆ ရက်တွင် ၄၂၄ ဦး၊ ဇူလိုင် ၁၇ ရက်တွင် ၅၉၆ ဦး၊ ဇူလိုင် ၁၈ ရက်တွင် ၆၄၃ ဦး၊ ဇူလိုင် ၁၉ ရက်တွင် ၄၆၆ ဦး၊ ဇူလိုင် ၂၀ ရက်တွင် ၆၂၆ ဦးနှင့် ယနေ့တွင် ၇၄၈ ဦး စုစုပေါင်း ၅၁၀၅၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၁၉ ဦး၊ အမျိုးသမီး ၃၂၉ ဦး စုစုပေါင်း ၇၄၈ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း မီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ MRTV နှင့် MITV မှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

အာရှ-ပစိဖိတ်ဒေသတွင်းရှိ ရုပ်သံထုတ်လွှင့်သူများအဖွဲ့အစည်း (Asia Pacific Institute for Broadcasting Development – AIBD)မှ ယမန်နေ့ နံနက်ပိုင်းက AIBD Regional Online Workshop on Training of Trainers ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချမှုပြုလုပ်ရာ MRTV နှင့် MITV တို့မှ ဝန်ထမ်းများ အွန်လိုင်းဖြင့် တက်ရောက်ပါဝင်ဆွေးနွေးသည်။

ကမ္ဘာနှင့်အဝှမ်းကြုံတွေ့နေရသော ကိုဗစ်-၁၉ အကျပ်အတည်းကာလတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရစဉ် ပြောင်းလဲလာသောအခြေအနေများနှင့်အညီ လိုက်လျောညီထွေဖြစ်အောင်၊ မီဒီယာကဏ္ဍတွင်လည်း အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင် မည်သို့စီစဉ်လုပ်ဆောင်ကြမည် ရည်ရွယ်ချက်ဖြင့် ထိုသို့ဆွေးနွေးပို့ချခြင်း ဖြစ်သည်။

သင်တန်းတွင် လုပ်ငန်းခွင်အတွင်း မည်သည့်ဖွဲ့စည်းမှုပုံစံဖြင့် သင်တန်းပို့ချမည်၊ မည်သို့ချဉ်းကပ်၍ ထိထိရောက်ရောက်ဖြစ်အောင် မည်သည့်စနစ်ဖြင့် သင်ကြားမည်၊ မည်သည့်ဆရာက ပို့ချမည်၊ အရည်အချင်းရှိသော သင်တန်းဆရာတစ်ဦးအတွက် လိုအပ်ချက်များ၊ သင်တန်းရည်ရွယ်ချက်ကို ထိရောက်မှုရှိ၊ မရှိ မည်သို့တိုင်းတာမည် စသည်ဖြင့် ဆွေးနွေးပို့ချသည်။

AIBD အနေဖြင့် ရုပ်သံထုတ်လွှင့်သူများ သိသင့်သိထိုက်သော သတင်းမီဒီယာဗဟုသုတဆိုင်ရာများ၊ နည်းပညာများကို မျှဝေပေးလျက်ရှိရာ AIBD Regional Online Workshop on Training of Trainers သင်တန်းကို Section နှစ်ခုခွဲ၍ ပို့ချခြင်းဖြစ်ပြီး Section-1 ကို ဇူလိုင် ၆ ရက်မှ ဇူလိုင် ၁၀ ရက်အထိပို့ချ၍ ယခု Section-2 ကို ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ပို့ချခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းသို့ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ မော်ရီရှ၊ နီပေါ၊ ထိုင်း စသည့်နိုင်ငံများမှ သင်တန်းသား ၁၇ ဦး တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် MITV တို့မှ သင်တန်းသား သုံးဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အေးဝါလှိုင်

မကွေးမြို့၌ မသန်စွမ်းသူ ၅၀ အား စားသောက်ကုန်နှင့် ကျန်းမာရေးပစ္စည်းများ ထောက်ပံ့

မကွေး ဇူလိုင် ၂၁

ကိုဗစ်-၁၉ ရောဂါကာလတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း(မကွေး) ရုံးခွဲမှ မသန်စွမ်းသူ ၅၀ အား မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း(ရုံးချုပ်)မှ ဆန်၊ ဆီ၊ ကုလားပဲ၊ ငါးသေတ္တာဘူးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မသန်စွမ်းတစ်ဦးလျှင် ဆန် (၁၀) ပြည်၊ ကုလားပဲ (၁)ပြည်၊ ငါးသေတ္တာ (၃)ဘူး၊ ဆီ (၁)ပိဿာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းရုံးခွဲ သုံးခုရှိပြီး အဆိုပါရုံးခွဲများတွင်လည်း အလားတူထောက်ပံ့မှုများ လုပ်ဆောင်ခဲ့ကြောင်း အသင်းတာဝန်ရှိသူထံမှ သိရသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း(မကွေး) ရုံးခွဲအနေဖြင့် ဗီးချဲ၊ လက်ကိုင်တုတ်၊ ချိုင်းထောက် ထောက်ပံ့ခြင်း၊ မသန်စွမ်းကျောင်းသူကျောင်းသားများအတွက် ငွေကြေးနှင့်ပစ္စည်း ထောက်ပံ့ပေးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဇေယျာတု(မကွေး)

ပဲခူးမြို့၌ ငါးမွေးမြူခြင်းဆိုင်ရာ သင်တန်းဖွင့်

ပဲခူး ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ငါးမွေးမြူခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ပညာပေးသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇော်နိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်က ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဖိတ်ကြားထားသူများ၊ ခရိုင်၊ မြို့နယ်၊ စခန်းတာဝန်ခံများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်ကြီးမြို့နယ် သဘာဝရေလှောင်ကွင်းများအတွင်း ငါးမျိုးများစိုက်ထည့်

မန္တလေး ဇူလိုင် ၂၁

မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပုသိမ်ကြီးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်အစပ် ညောင်ကွဲဆိပ်ကမ်းတွင် ငါးမြစ်ချင်းငါးသန် တစ်သိန်း၊ ငါးခုံးမ ငါးသန်တစ်သိန်းတို့အား သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်သည်။

အဆိုပါ အခမ်းအနားသို့ ပုသိမ်ကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ပုသိမ်ကြီးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အောင်မြေသာစံမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ သရက်ကုန်းငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပြီးနောက် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်း စာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ် တွဲလျက်ချုပ်ထားသည့် ကျန်းမာရေးအထောက်အကူပြုကာကွယ်ရေးပစ္စည်း အခု ၆၀၀၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းတွင်းရှိ ဈေးသူ၊ ဈေးသားများအတွက် နှာခေါင်းစည်း အခု ၁၀၀ နှင့် မျက်နှာအကာအကွယ် အခု ၁၀၀ တို့ကို လောကဉ္ဇေသည်သွေးကူညီမှုအသင်း (ရန်ကုန်)က ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းသည်။

"ကျောင်းဖွင့်ရာသီ ရောက်လာတော့ ကိုဗစ်နဲ့ပတ်သက်ပြီး ကျောင်းသားမိဘတွေအနေနဲ့ စိတ်ပူပင်မှုတွေ အထိုက်အလျောက်လျော့နည်းသွားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူဒါန်းဖြစ်တာပါ။ နောက်ထပ်လည်း စာသင်ကျောင်းတွေကိုကျန်းမာရေးအထောက်အကူပြုပစ္စည်းတွေ ဆက်လက်လှူဒါန်းသွားမှာပါ"ဟု လောကဉ္ဇေသည်သွေးကူညီမှုအသင်း(ရန်ကုန်)မှ ပြန်ကြားရေးတာဝန်ခံ ကိုနိုင်မင်းလွင်က ပြောသည်။

သတင်း-အေးမင်းသူ
ဓာတ်ပုံ-လောကဉ္ဇေသည်သွေးကူညီမှုအသင်း

ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်က ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများအား ဒုတိယအကြိမ် ဖြန့်ဖြူးရောင်းချ

ဆိပ်ဖြူ ဇူလိုင် ၂၁

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စွာ လည်ပတ်နိုင်စေရန်၊ ဈေးကွက်ရရှိစေရန်၊ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်စေရန် ရည်ရွယ်၍ ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ ဆိပ်ဖြူမြို့နယ်သမဝါယမအသင်းစုတို့နှင့် ချိတ်ဆက်၍ ဒုတိယအကြိမ်အဖြစ် ဆိပ်ဖြူမြို့နယ်ရှိ ကြက်သွန်နီစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ကြက်သွန်နီ(လတ်ကြီး/လတ်သန့်) ပိဿာချိန် ၇၀၀၀ ဝယ်ယူ၍ ကချင်ပြည်နယ်အတွင်းရှိ မိုးမိတ်မြို့၊ ရွှေကူမြို့နှင့် ဗန်းမော်မြို့နယ်များမှ သမဝါယမအသင်းသားများနှင့် ပြည်သူများထံ ဒေသပေါက်ဈေးကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ နှုန်းရှိသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

COVID-19 ကာလတွင်စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေးအသိပေးနှိုးဆော်ခြင်း

COVID–19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်းစိတ်ဖိစီးမှုများ ခံစားနေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံ ဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID–19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အဆင့်သို့ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

COVID-19
ရောဂါ
ကာကွယ်ဖို့
မိမိမှစ၍
စည်းကမ်းများကို
လိုက်နာစို့

အခြေခံပညာကျောင်းများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်း

ရွှာင် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့်ကျောင်းအပ်နှံခြင်းလုပ်ငန်းများကို ဇူလိုင် ၁၃ ရက်မှစတင်၍ ကျောင်းအပ်လက်ခံခဲ့ရာ ၂၁ ရက်တွင် ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ရွှာင်မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကော်မတီက အခြေခံပညာကျောင်းများအတွက် ကျန်းမာရေးအကာအကွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ ကျင်းပသည်။

ရွှာင်မြို့နယ်တွင် အခြေခံပညာအထက်တန်းအဆင့်စာသင်ကျောင်းများအတွက် နှာခေါင်းစည်း အခု ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၄၀၊ မျက်မှန်အလက် ၂၀၊ Boot ၂၀၊ ဗီနိုင်း အခု ၆၀၊ လက်အိတ် ၅၀၊ ဆေးဘူး ၃၀ တို့ကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်ဟိန်းကလည်းကောင်း၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ လှူဒါန်းသော တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၄၀၊ သာမိုမီတာ အခု ၂၀၊ မျက်နှာအကာ အစုံ ၂၀၀၊ မျက်မှန်အလက် ၂၀ တို့ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူတို့ကလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ မြို့နယ်ပညာရေးမှူး ဒေါ်နီနီဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်) **ဇယား(၁)**

ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန်မူလလျာထားချက်

(ကျပ်သန်းပေါင်း)

အမှတ်စဉ်		ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ	အကြောင်းအရာ	၂၀၂၀ ခန့်မှန်းခြေ
၁			**ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်**	**၄,၄၀၉,၇၂၃.၀၄၇**
	၁	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန	ယစ်မျိုးခွန်၊	၁,၂၈၉.၇၁၉
	၂	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန	ကုန်သွယ်လုပ်ငန်းခွန်၊	၂,၂၀၁,၉၅၄.၈၄၉
	၃	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊	၆,၀၀၀.၀၀၀
	၄	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန	မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊	၁၆၄,၆၄၁.၀၀၈
	၅	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန	မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊	၁၅၆,၀၀၀.၀၀၀
	၆	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန	ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊	၈၅,၁၂၈.၇၃၅
	၇	ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန	ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊	၆၂၂.၅၄၃
	၈	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန	အထူးကုန်စည်ခွန်၊	၁,၆၉၄,၂၁၀.၉၀၁
	၉	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန	ရတနာခွန်၊	၉၉,၈၇၅.၂၉၂
၂			**ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်**	**၂,၇၅၄,၁၈၉.၂၁၅**
	၁	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန	ဝင်ငွေခွန်၊	၂,၇၅၄,၁၈၉.၂၁၅
၃			**အကောက်ခွန်**	**၅၂၀,၀၀၀.၀၀၀**
	၁	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန	အကောက်ခွန်၊	၅၂၀,၀၀၀.၀၀၀
၄			**နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်**	**၉၃၁,၈၆၄.၉၆၇**
	၁	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန	မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊	၂၃.၅၁၆
	၂	နေပြည်တော်ကောင်စီ	ရေခွန်၊	၁၀၄.၅၈၄
	၃	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန	တာတမံခွန်၊	၀.၉၃၅
	၄	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊	၅,၉၈၈.၉၉၄
	၅	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန	ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ)၊	၇၆.၀၅၀
	၆	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊	၂,၆၄၉.၂၈၀
	၇	လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန	ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊	၃၃၄,၃၂၀.၁၁၆
	၈	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်	၃၁,၃၆၂.၇၉၆
	၉	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊	၅၄၄,၂၅၁.၁၀၀
	၁၀	လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန	ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊	၁၁,၉၀၅.၃၆၂
	၁၁	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။	၁,၁၈၁.၂၃၄
			စုစုပေါင်း	**၈,၆၁၅,၇၇၇.၂၂၉**

အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာခေါ်ယူခြင်း

နေပြည်တော် ဇူလိုင် ၂၁

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။ လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Website ဖြစ်သည့် https://asean.org/opportunities/vacancies-asec/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပန်းပဲအထိမ်းအမှတ် အထူးထုတ် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

နေပြည်တော် ဇူလိုင် ၂၁

မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိအလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာ ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းပဲအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) တစ်မျိုးအား ၂၀၂၀ ပြည့်နှစ် ဇူလိုင်၂၄ ရက် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ဒုတိယဝါဆို လဆန်း ၅ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇူလိုင် ၂၄ ရက်တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲ အမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ အဖွဲ့ (၁၄) နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အမှတ် (I – 20) ၌ ကျင်းပသည်။

ဆွေးနွေး

အစည်းအဝေး၌ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၄) ၏ ဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့ အဖွဲ့ (၁၄) ၏ ဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

B သည် ယင်းအလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ဤအခန်း၏ အပိုင်း(၃)အရ ခွင့်ပြုနိုင်သော စုစုပေါင်း နုတ်ပယ်မှုများဖြစ်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွင်း အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေ သို့မဟုတ် အသားတင်အရှုံးကို တွက်ချက်ရာ၌ ယင်းပုဂ္ဂိုလ်ကျခံခဲ့ရသည့် အသုံးစရိတ် သို့မဟုတ် ပေါ်ပေါက်ခဲ့သည့်အရှုံး သို့မဟုတ် ပယ်ဖျက်ပေးခဲ့သည့် ကြွေးဆုံးအတွက် နုတ်ပယ်ခွင့်ပြုခဲ့ပြီး ယင်းနောက်တွင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦးသည် ယင်းအသုံးစရိတ် သို့မဟုတ် အရှုံး သို့မဟုတ် ကြွေးဆုံးအတွက် ငွေကြေးပမာဏတစ်ရပ်ကို ငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ပြန်လည်ထုတ်ပေးခြင်း၊ ပြန်လည်ရယူနိုင်စေခြင်း သို့မဟုတ် ပြန်လည်ပေးလျော်ခြင်း နည်းလမ်းအားဖြင့် ရရှိခဲ့လျှင် ယင်းရရှိခဲ့သည့် ငွေကြေးပမာဏကို ရရှိသည့် အခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်၏ ယင်းအလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေတွင် ထည့်သွင်းရမည်။

(ဃ) အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေဟုဆိုရာတွင် လာဘ်ငွေ၊ ဆက်သွယ်ဆောင်ရွက်ပေးမှုအတွက် လက်သိပ်ထိုးပေးငွေ၊ ရာဇဝတ်မှုမှ ဝင်ငွေတို့အပါအဝင် တရားမဝင်သည့် လုပ်ဆောင်ချက်၊ သို့မဟုတ် အလားတူ လုပ်ဆောင်ချက်များမှ ပုဂ္ဂိုလ်တစ်ဦးက ရရှိသည့် ငွေကြေးပမာဏများလည်းပါဝင်သည်။

(င) အောက်ပါ ငွေကြေးပမာဏတစ်ရပ်ရပ်သည် စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်ခြင်း မရှိစေရ –

(၁) ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေ၊

(၂) အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု။

(စ) ဤဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိပါက ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ငွေကြေးပမာဏတစ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးထံ၌ မည်သည့်အချိန်တွင် ပေါ်ပေါက်ကြောင်း ဆုံးဖြတ်ရာ၌ ဤအခန်း၏ အပိုင်း(၆)ပါ ပြဋ္ဌာန်းချက်များက အကျိုးသက်ရောက်စေရမည်။

အလုပ်အကိုင်မှဝင်ငွေ

၁၆။ (က) ဤဥပဒေနှင့်မဆန့်ကျင်စေဘဲ အောက်ပါငွေကြေးပမာဏများသည် ဝန်ထမ်းတစ်ဦး၏ အလုပ်အကိုင်မှ ဝင်ငွေတွင် ပါဝင်သည် –

(၁) ခွင့်ကာလအတွင်း ရရှိသည့်လစာ၊ ခွင့်အစား ပေးချေမှု၊ အချိန်ပိုကြေး၊ ဆုကြေး၊ ကော်မရှင်၊ အခများ၊ လုပ်သက်ဆုငွေ သို့မဟုတ် အလုပ်ခွင်အခြေအနေအတွက် ထပ်ဆောင်းပေးမှုများ အပါအဝင် ဝန်ထမ်းက အလုပ်ရှင်ထံမှ ရရှိသည့် မည်သည့်လစာ၊ လုပ်ခ၊ သို့မဟုတ် အခြား အခကြေးငွေမဆို၊

(၂) ဝန်ထမ်း၏ အစုရှယ်ယာပိုင်ဆိုင်မှု အစီအစဉ်အရ ဝန်ထမ်းတစ်ဦးကို ခွဲဝေပေးသည့် မည်သည့်အစုရှယ်ယာမဆို သို့မဟုတ် အစုရှယ်ယာရယူရန် ခွင့်ပြုပေးသည့် မည်သည့် အခွင့်အရေး သို့မဟုတ် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ပိုင်ခွင့်မဆိုမှအပ အလုပ်ရှင်က ဝန်ထမ်း သို့မဟုတ် ဝန်ထမ်း၏ တွဲဖက်လုပ်ကိုင်သူကို ထောက်ပံ့ပေးသည့် ငွေကြေးမဟုတ်သည့် မည်သည့်အကျိုးခံစားခွင့်မဆို၏ ဇယား(၂) အရ သတ်မှတ်သည့် တန်ဖိုး၊

(၃) နေထိုင်မှုကုန်ကျစရိတ်၊ အခြေခံစရိတ်၊ ငှားရမ်းခ၊ ရေဖိုး၊ လျှပ်စစ်မီတာခ စသည့် အခများ၊ ပညာရေး၊ ဧည့်ခံကျွေးမွေးခြင်း၊ အစည်းအဝေး၊ သို့မဟုတ် ခရီးသွားလာခြင်းအတွက် စရိတ်များအပါအဝင် အလုပ်ရှင်ထံမှ ဝန်ထမ်းက ရရှိသည့် မည်သည့်ခွင့်ပြုငွေမဆို၏ ငွေကြေးပမာဏ၊

(၄) ဝန်ထမ်းက ကျခံလိုက်ရသည့် အသုံးစရိတ်အတွက် အလုပ်ရှင်က မည်သည့် ပေးချေမှု သို့မဟုတ် ပြန်လည်ထုတ်ပေးမှု မဆို ပြုလုပ်ရာတွင် အောက်ပါ အခြေအနေများနှင့် ညီညွတ်သည့် ငွေကြေးပမာဏ –

(ကက) ယင်းအသုံးစရိတ်သည် ဝန်ထမ်းက ယင်း၏ အလုပ်တာဝန်များကို ထမ်းဆောင်ရာ၌သာ အလုပ်ရှင်ကိုယ်စား ကျခံခဲ့သည့် အသုံးစရိတ် မဟုတ်ခြင်း၊

(ခခ) စည်းမျဉ်းများဖြင့်သတ်မှတ်နိုင်သည့်ကျိုးကြောင်း ဆီလျော်မှုရှိသော ကန့်သတ်ချက်ကို မကျော်လွန်သည့် ငွေကြေးပမာဏဖြစ်ခြင်း။ စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည့် ကျိုးကြောင်းဆီလျော်မှုရှိသည့် ငွေကြေးပမာဏကို ကျော်လွန်မှုမရှိခြင်း၊

(၅) ဝန်ထမ်းက အောက်ပါကိစ္စတစ်ရပ်ရပ်အပေါ် သဘောတူညီခြင်းအတွက် အလုပ်ရှင်ထံမှ အဖိုးစားနားအဖြစ် ရရှိသည့် မည်သည့်ငွေကြေးပမာဏမဆို –

(ကက) အလုပ်ရှင်ထံတွင် အလုပ်အကိုင်လုပ်ကိုင်ရန်၊

(ခခ) အလုပ်အကိုင်ဆိုင်ရာ မည်သည့်အခြေအနေကို မဆို သို့မဟုတ် ယင်းဝန်ထမ်း၏ အလုပ်အကိုင်ဆိုင်ရာ အခြေအနေများအပေါ် မည်သည့် ပြောင်းလဲမှုကိုမဆို လက်ခံရန်၊

(ဂဂ) အတိတ်ကာလတွင်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလတွင်ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် မည်သည့်အလုပ်အကိုင်နှင့် စပ်လျဉ်း၍မဆို ကန့်သတ်ချက်ပါရှိသည့် သဘောတူညီချက်တစ်ရပ်ကို လက်ခံရန်၊

(၆) အလုပ်မှ အငြိမ်းစားယူသည့်အခါ သို့မဟုတ် ရပ်စဲသည့်အခါ ဆန္ဒအလျောက်ဖြစ်စေ၊ သဘောတူညီချက်အရဖြစ်စေ၊ ဥပဒေကြောင်းအရ တရားစွဲဆိုမှု၏ ရလဒ်အဖြစ်ဖြစ်စေ ပေးအပ်ခြင်းဖြစ်ပြီး လုပ်သားလျှော့ချမှု သို့မဟုတ် အလုပ်အကိုင်ဆုံးရှုံးမှုအတွက်ရရှိသည့် မည်သည့်နစ်နာကြေးမဆို အပါအဝင် ဝန်ထမ်းက အလုပ်ရှင်ထံမှရရှိသည့် ဆုကြေး၊ လုပ်သက်ဆုငွေ၊ အငြိမ်းစားခွင့်ပြုငွေ၊ အလုပ်ရပ်စဲမှုအတွက် ပေးငွေ၊ လုပ်သားလျှော့ချမှုအတွက် ပေးငွေ၊ သို့မဟုတ် အခြားအလားတူ ငွေကြေးပမာဏ၊

(၇) ဝန်ထမ်းက အလုပ်ရှင်ထံမှ ရရှိသည့်ပင်စင်၊ နှစ်စဉ်ကြေး၊ သို့မဟုတ် ပင်စင် သို့မဟုတ် နှစ်စဉ်ကြေးအပေါ်တွင် ထပ်ဆောင်းပေးငွေ၊

(၈) အစုရှယ်ယာများကို သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ပိုင်ခွင့် သို့မဟုတ် အစုရှယ်ယာများကို ရယူခွင့်တို့ကို ကျင့်သုံးမှု၏ ရလဒ်အဖြစ် ခွဲဝေပေးခဲ့သည့် အစုရှယ်ယာများအပါအဝင် ဝန်ထမ်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအစီအစဉ်အရ ခွဲဝေပေးခဲ့စဉ်က အစုရှယ်ယာများ၏ ပြင်ပဈေးကွက်ပေါက်ဈေးမှ ယင်းအစုရှယ်ယာများအတွက် ဝန်ထမ်း၏ ထည့်ဝင်ငွေကြေးကို နုတ်ထားပြီးဖြစ်သည့် ငွေကြေးပမာဏ၊

(၉) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ အကျိုးခံစားခွင့်အတွက် အခြားပုဂ္ဂိုလ်တစ်ဦးထံ ပေးချေမှုများ သို့မဟုတ် လွှဲပြောင်းပေးမှုများ၊

(၁၀) အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ရရှိသည့် လက်ဆောင်များ အပါအဝင် အခြားပေးချေမှုများ၊

(၁၁) ဤဥပဒေအရ ထည့်သွင်းရန်လိုအပ်သည့် အခြားငွေကြေး ပမာဏများ။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ၏ ရည်ရွယ်ချက်များအလို့ငှာ အကျိုးခံစားခွင့်တစ်ရပ်သည် ငွေကြေးမဟုတ်သည့် အကျိုးခံစားခွင့် ဟုတ် မဟုတ် ဆုံးဖြတ်ရာ၌ဖြစ်စေ၊ ငွေကြေးမဟုတ်သည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးကို ဆုံးဖြတ်ရာ၌ဖြစ်စေ ယင်းအကျိုးခံစားခွင့်ကို လွှဲပြောင်းမှုအပေါ် ကန့်သတ်ချက်မှန်သမျှနှင့် ယင်းအကျိုးခံစားခွင့်ကို ငွေကြေးအဖြစ် တစ်နည်းနည်းဖြင့် ပြောင်းလဲနိုင်ခြင်းမရှိသည့်အချက်တို့ကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

(ဂ) ဝန်ထမ်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအစီအစဉ်အရ အစုရှယ်ယာများကို ရယူခွင့် သို့မဟုတ် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ခွင့်ကို ဝန်ထမ်းတစ်ဦးအား ခွင့်ပြုပေးသည့် အချိန်တွင်ရှိသည့် ယင်းရယူခွင့် သို့မဟုတ် ရောင်းဝယ်ခွင့်၏တန်ဖိုးကို ယင်းဝန်ထမ်း၏ အလုပ်အကိုင်မှ ဝင်ငွေမှ ဖယ်ထုတ်ထားရမည်။

(ဃ) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ငွေကြေးပမာဏတစ်ရပ်ကို ဝန်ထမ်းတစ်ဦး၏ အလုပ်ရှင်၊ သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူထံမှ ရရှိသည်ဖြစ်စေ၊ ယင်းအလုပ်ရှင် သို့မဟုတ် ယင်း၏တွဲဖက်လုပ်ကိုင်သူက ပေးအပ်သည်ဖြစ်စေ၊ သို့မဟုတ် အလုပ်ရှင်နှင့်ဖြစ်စေ၊ ယင်း၏ တွဲဖက်လုပ်ကိုင်သူနှင့်ဖြစ်စေ စီစဉ်ထားချက်အရ တတိယပုဂ္ဂိုလ်ထံမှ ရရှိသည်ဖြစ်စေ၊ ယင်းတတိယပုဂ္ဂိုလ်က ပေးအပ်သည်ဖြစ်စေ ယင်းငွေကြေးပမာဏကို ယင်းဝန်ထမ်းက ရရှိခြင်း သို့မဟုတ် ယင်းအား ပေးအပ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

လုပ်ငန်းမှဝင်ငွေ

၁၇။ (က) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ လုပ်ငန်းမှဝင်ငွေတွင် အောက်ပါ ငွေကြေးပမာဏများ ပါဝင်သည် –

(၁) ရောင်းဝယ်ရန် ကုန်စည်များကို ရောင်းချခြင်းအတွက် အဖိုးစားနားနှင့် အလုပ်အကိုင်မဟုတ်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းအတွက် ရရှိသည့်အခများအပါအဝင် လုပ်ငန်းတစ်ခုဆောင်ရွက်ရာမှ စုစုပေါင်းရငွေ၊

(၂) အမြတ်ဝေစု၊ အတိုး၊ ခိုင်ကြေးနှင့် ငှားရမ်းခများအပါအဝင် လုပ်ငန်း၏ မတည်ငွေရင်းမှ ပေါ်ပေါက်လာသောဝင်ငွေ၊

(၃) ဤအခန်း၏ အပိုင်း(၇)အရ တွက်ချက်သည့် အခွန်နှစ် တစ်နှစ်အတွက် လုပ်ငန်းတစ်ခုမှ ပေါ်ပေါက်လာသည့် အသားတင်နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း၊

(၄) လုပ်ငန်းတစ်ခု၏ ရောင်းဝယ်ရန် ကုန်စည်များမဟုတ်သည့် လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်း၊

(၅) လုပ်ငန်းကို ဆောင်ရွက်ရန် လုပ်ဆောင်နိုင်စွမ်းအပေါ် ကန့်သတ်မှုကို လက်ခံရခြင်းအတွက် အဖိုးစားနားအဖြစ် ရရှိလာသည့် ငွေကြေးပမာဏ၊

(၆) လုပ်ငန်းနှင့်စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ်က ရရှိသည့် လက်ဆောင်များ၊

(၇) ယင်းပုဂ္ဂိုလ်၏ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေကို တွက်ချက်ရာ၌ ထည့်သွင်းတွက်ချက်နိုင်မည်ဖြစ်သော်လည်း လုပ်ငန်းနှင့် ထိထိရောက်ရောက် ဆက်စပ်မှုရှိသည့် ငွေကြေးပမာဏ၊

(၈) ဤဥပဒေအရ လုပ်ငန်းမှဝင်ငွေတွင် ပါဝင်သည့် အခြား မည်သည့် ငွေကြေးပမာဏမဆို။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ၏ ရည်ရွယ်ချက်များအလို့ငှာ လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ရပ်ကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်းသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ရရှိလာခြင်းဖြစ်ပြီး အမြတ်အစွန်း ငွေကြေး ပမာဏသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းအတွက် အဖိုးစားနားက ထုခွဲရောင်းချသည့်အချိန်ရှိ ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးထက်ကျော်လွန်သော ငွေကြေး ပမာဏ ဖြစ်သည်။

(ဂ) လုပ်ငန်းတစ်ခုမှဝင်ငွေတွင် အလုပ်အကိုင်မှ ဝင်ငွေတွင်ပါဝင်သည့် ငွေကြေးပမာဏ ပါဝင်ခြင်းမရှိစေရ။

ရင်းနှီးမြှုပ်နှံမှုမှဝင်ငွေ

၁၈။ (က) ပုဒ်မခွဲ(ခ)နှင့် မဆန့်ကျင်စေဘဲ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေတွင် အောက်ပါငွေကြေးပမာဏများ ပါဝင်သည် –

(၁) မည်သည့်ရရန်ပိုင်ခွင့်ကိုမဆို ပေးအပ်ခြင်း၊ အသုံးပြုခြင်း၊ သို့မဟုတ် အပြည့်အဝ အသုံးချခြင်းမှ ရရှိသည့် အမြတ်ဝေစု၊ အတိုး၊ ခိုင်ကြေး၊ နည်းပညာအခ၊ ငှားရမ်းခ၊ ပရီမီယံ၊ အဖိုးအခ၊ သို့မဟုတ် နှစ်စဉ်ကြေး၊ သို့မဟုတ် အခြား မည်သည့်ငွေကြေးပမာဏမဆို၊

(၂) ပုဂ္ဂိုလ်တစ်ဦးက သုံးနှစ်အောက်လျော့နည်းသည့်ကာလ အတွက် ရယူပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ယင်းပုဂ္ဂိုလ်က ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်း၊

(၃) ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ရန် လုပ်ဆောင်နိုင်စွမ်းအပေါ် ကန့်သတ်မှုကို လက်ခံရခြင်းအတွက် အဖိုးစားနားအဖြစ်ရရှိသည့် ငွေကြေးပမာဏ၊

(၄) ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ် ရရှိသည့် လက်ဆောင်များ၊

(၅) ဤဥပဒေအရ ထည့်သွင်းရန်လိုအပ်သည့် အခြားငွေကြေး ပမာဏများ။

(ခ) ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေတွင် အလုပ်အကိုင် သို့မဟုတ် လုပ်ငန်းမှ ဝင်ငွေတွင် ပါဝင်သည့် ငွေကြေးပမာဏ ပါဝင်ခြင်းမရှိစေရ။

(ဆက်လက်ဖော်ပြပါမည်)

တိုင်းရင်းဆေးဝါးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

တိုင်းရင်းဆေးဝါးဥပဒေကြမ်း

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၂ ခုနှစ်၊ လ ရက်
(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းဆေးဝါးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **တိုင်းရင်းဆေးဝါး** ဆိုသည်မှာ လူတို့၏ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပြင်ပတွင် ဖြစ်ပွားသော ရောဂါဝေဒနာကို ကာကွယ်ရန်၊ ကုသရန်လည်းကောင်း၊ ယင်းတို့၏ ကျန်းမာရေးတိုးတက်စေမှု သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခု ဖြစ်စေရန်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုနိုင်ရေးအတွက် အပင်နှင့် အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ မြေထွက်ပစ္စည်းများနှင့် ဓာတ်သတ္တုပစ္စည်းများကို အခြေခံ၍ ဖော်စပ်ထားသည့် ဆေးဝါးကို ဆိုသည်။

(ခ) **ပြည်ပတိုင်းရင်းဆေးဝါး** ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏ တိုင်းရင်းဆေးဝါးအဖြစ် တရားဝင်ထုတ်လုပ်ပြီး ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားသည့် ဆေးဝါးကို ဆိုသည်။

(ဂ) **ကျန်းမာရေးဖြည့်စွက်ဓာတ်စာ** ဆိုသည်မှာ ကျန်းမာရေးအတွက် အထောက်အကူပြုစေရန်နှင့် ပိုမိုကောင်းမွန်တိုးတက်စေရန် အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ ဓာတ်သတ္တုပစ္စည်းများနှင့် ယင်းတို့ကိုအသုံးပြု၍ သိပ္ပံနည်းကျဖြစ်စေ၊ သဘာဝအတိုင်းဖြစ်စေ ထုတ်လုပ်ထားသောပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကျန်းမာရေးဖြည့်စွက်ဓာတ်စာဟု သတ်မှတ်သောပစ္စည်းများလည်း ပါဝင်သည်။

(ဃ) **ဆေးဝါး** ဆိုသည်မှာ တိုင်းရင်းဆေးဝါး၊ ပြည်ပတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်ဓာတ်စာများကို ဆိုသည်။

(င) **တိုင်းရင်းဆေးပညာ** ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ တွင်းထွက်ပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယတည်းဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များကို အသုံးပြု၍ လူသားတို့၏ သက်ရှည်ကျန်းမာ ရောဂါဘယကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားခြင်း စသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာရပ်ကို ဆိုသည်။

(စ) **အာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဆ) **အဓိကတိုင်းရင်းဆေးဝါး** ဆိုသည်မှာ အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည့် ပြည်သူအများစုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မရှိမဖြစ်လိုအပ်သော တိုင်းရင်းဆေးဝါးကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်ဓာတ်စာများလည်း ပါဝင်သည်။

(ဇ) **စံမညီဆေးဝါး** ဆိုသည်မှာ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ထုတ်ပေးစဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော ဆေးဝါးကို ဆိုသည်။

(ဈ) **အတုအပဆေးဝါး** ဆိုသည်မှာ မှတ်ပုံတင်ရရှိပြီးဖြစ်သော ဆေးဝါး တစ်မျိုးမျိုးကို တုပပြုလုပ်ခြင်း၊ အစားထိုးခြင်း၊ ရောနှောခြင်း၊ ထုထည်တိုးပွားစေခြင်းအားဖြင့် အရည်အသွေးနိမ့်ပါးသော ပစ္စည်းကိုဆိုသည်။

(ည) **ပျက်စီးဆေးဝါး** ဆိုသည်မှာ သက်တမ်းကုန်ဆုံးရက်သို့ ရောက်ရှိသော သို့မဟုတ် ကျော်လွန်နေပြီဖြစ်သော ဆေးဝါး သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ကြောင့် ဓာတ်သဘာဝပြောင်းလဲ၍ဖြစ်စေ၊ အာနိသင်ပြောင်းလဲ၍ဖြစ်စေ သုံးစွဲရန်မသင့်သော ဆေးဝါးကို ဆိုသည်။

(ဋ) **အမှတ်တံဆိပ်** ဆိုသည်မှာ ဆေးဝါးထည့်သော သို့မဟုတ် ထုပ်ပိုးသော ပစ္စည်းပေါ်တွင် မြင်သာအောင် တစ်နည်းနည်းဖြင့် ဖော်ပြထားသည့် အမှတ်အသားကို ဆိုသည်။

(ဌ) **ကုန်ကြမ်း** ဆိုသည်မှာ ဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုရသော ပရဆေးပစ္စည်းများနှင့် သဘာဝပစ္စည်းများ၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ မြေထွက်ပစ္စည်း၊ ဓာတ်သတ္တုပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်။

(ဍ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ ထုတ်လုပ်မည့် ဆေးဝါးကို သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ခြင်းကို ဆိုသည်။

(ဎ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ဆေးဝါးအတွက် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဏ) **ဆေးဝါးထုတ်လုပ်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ဆေးဝါးကို ထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်းများကိုဆိုသည်။ ယင်းစကားရပ်တွင် အဆင့်ဆင့်လုပ်ဆောင်ရသည့် လုပ်ငန်းများအားလုံး သို့မဟုတ် အဆင့်တစ်ခုခုကို ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးပေးခန်းနှင့် ပရဆေးဆိုင်များတွင် ဝေဒနာရှင်များအတွက်ဖြစ်စေ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီက အသိအမှတ်ပြုထားသော တိုင်းရင်းဆေးဆရာက မိမိဆေးကုသရာတွင် အသုံးပြုရန်ဖြစ်စေ၊ မည်သူမဆို ကိုယ်တိုင်သုံးစွဲရန်ဖြစ်စေ၊ ဆေးနည်းဆေးညွှန်းအရ ဆောင်ရွက်သော တိုင်းရင်းဆေးဝါး၊ အလွယ်တကူဖော်စပ် သုံးစွဲနိုင်သော အရပ်သုံးဆေးဝါး ဖော်စပ်ခြင်းလုပ်ငန်းများ မပါဝင်ပါ။

(တ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် အာဏာပိုင်အဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

အလှကုန်ပစ္စည်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

အလှကုန်ပစ္စည်းဥပဒေကြမ်း

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၈၂ ခုနှစ်၊ လ ရက်
(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အလှကုန်ပစ္စည်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **အလှကုန်ပစ္စည်း** ဆိုသည်မှာ လူတို့၏မျက်နှာ၊ နှုတ်ခမ်း၊ ဆံပင်၊ အမွေးအမျှင်၊ လက်သည်း၊ ခြေသည်း၊ အရေပြား၊ ပြင်ပလိင်အင်္ဂါ၊ သွားနှင့် ခံတွင်းတို့တွင် အသုံးပြုရန်ဖြစ်ပြီး အဓိကအားဖြင့် ၎င်းတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊ မွှေးကြိုင်စေခြင်း၊ အဆင်းအသွင်အပြင် ပြောင်းလဲစေခြင်း၊ ခန္ဓာကိုယ်အနံ့အသက် ပြုပြင်စေခြင်း၊ ကောင်းမွန်သည့်အခြေအနေတွင် ထိန်းသိမ်းထားခြင်း သို့မဟုတ် မပျက်စီးရန်ကာကွယ်ခြင်းတို့ကို ဖြစ်စေသည့် အရာဝတ္ထုပစ္စည်းတစ်ခုခုသို့မဟုတ်ဖော်စပ်ထားသောအရာဝတ္ထုပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလှကုန်ပစ္စည်းဟု သတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်၊

(ခ) **အလှကုန်ပစ္စည်းထုတ်လုပ်ခြင်း** ဆိုသည်မှာ အလှကုန်ပစ္စည်း ကုန်ကြမ်းမှစ၍ ကုန်ချောရရှိသည်အထိ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် သို့မဟုတ် အဆင့်တစ်ခုခု ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပါဝင်ပစ္စည်းများကို ပေါင်းစည်းဖော်စပ်ခြင်း၊ ဖြည့်သွင်းခြင်း၊ ထုပ်ပိုးခြင်းနှင့် ကုန်အမှတ်တံဆိပ်၊ အညွှန်းအမှတ်အသား ဖော်ပြခြင်းတို့လည်းပါဝင်သည်၊

(ဂ) **ထုတ်လုပ်သူလက်မှတ်** ဆိုသည်မှာ ပြည်တွင်း၌ အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ထုတ်လုပ်သူအဖြစ် ဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်၊

(ဃ) **မှတ်တမ်းတင်လက်မှတ်** ဆိုသည်မှာ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသော အလှကုန်ပစ္စည်းများအတွက် ဦးစီးဌာနကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်၊

(င) **အညွှန်းအမှတ်အသားဖော်ပြခြင်း** ဆိုသည်မှာ အလှကုန်ပစ္စည်း ကုန်ချောထည့်သော ဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် အလှကုန်ပစ္စည်းကို ထုပ်ပိုးထားသည့် ပစ္စည်းတစ်ခုခုပေါ်တွင် သက်ဆိုင်ရာအချက်အလက်များကို ကုန်အမှတ်တံဆိပ်နှင့်အတူ မြင်သာအောင် ဖော်ပြထားခြင်းကို ဆိုသည်၊

(စ) **အရည်အသွေးသတ်မှတ်ချက်** ဆိုသည်မှာ သုံးစွဲသူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အကျိုးအာနိသင်ရှိပြီး အရည်အသွေး စစ်မှန်ကောင်းမွန်သည့် အလှကုန်ပစ္စည်းဖြစ်ကြောင်း ဦးစီးဌာနက သတ်မှတ်ခြင်းကို ဆိုသည်၊

(ဆ) **ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသော ကျင့်စဉ်နှင့် အာဆီယံဒေသတွင်းနိုင်ငံများက အသိအမှတ်ပြုထားသော ကျင့်စဉ်များကို ဆိုသည်၊

(ဇ) **ကုန်ပစ္စည်းသတင်းအချက်အလက်စာတွဲ** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသော အလှကုန်ပစ္စည်းနှင့်သက်ဆိုင်သည့် အခြေခံနည်းပညာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်များ၊ အရည်အသွေးပိုင်းဆိုင်ရာ သက်သေအထောက်အထားများနှင့် ကုန်ပစ္စည်းဖြန့်ဖြူးမှုမှတ်တမ်းများကို ဆိုသည်၊

(ဈ) **ကြော်ငြာခြင်း** ဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်း၊ လျှပ်စစ်ရုပ်သံနည်းလမ်း၊ အင်တာနက်၊ ဝက်ဘ်ဆိုက်တို့မှတစ်ဆင့် အသိပေးစာ၊ လက်ကမ်းစာ၊ အညွှန်းစာ၊ ထုပ်ပိုးစာ စသည်တို့အပါအဝင် အရုပ်ဖြစ်စေ၊ အသံဖြစ်စေ၊ စာဖြင့်ဖြစ်စေ မိမိကုန်ပစ္စည်းအား အများပြည်သူသို့ အသိပေးခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းကို ဆိုသည်၊

(ည) **ပြင်းထန်သောဆိုးကျိုးဖြစ်ရပ်** ဆိုသည်မှာ အလှကုန်ပစ္စည်းတစ်ခုကို သုံးစွဲရန် အညွှန်းအတိုင်း အသုံးပြုစဉ်တွင် အသက်ဆုံးရှုံးစေနိုင်ခြင်း သို့မဟုတ် အသုံးပြုသူ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အောက်ပါအခြေအနေ တစ်ရပ်ရပ်ကို ဆိုသည်–

(၁) မျက်နှာနှင့် အရေပြားဆိုင်ရာရောဂါများ ဖြစ်ပေါ်ခြင်းကြောင့် ကာလကြာရှည်စွာ ဆေးကုသမှုခံယူရသည်အထိဖြစ်စေ၊ ခွဲစိတ်ကုသမှု ခံယူရသည်အထိဖြစ်စေ ထိခိုက်ခြင်း၊

(၂) ဆေးကုသ၍မရနိုင်တော့သည့် အရေပြား အမြဲပုံသေပျက်စီးခြင်း၊

(၃) လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေခြင်းနှင့် လူမှုပတ်ဝန်းကျင်ဆက်ဆံရေးကြောင့် စိတ်ဓာတ်ကျဆင်းရောဂါဖြစ်ပေါ်ခြင်း၊

(၄) သန္ဓေသားအား ထိခိုက်နာကျင်စေခြင်း၊ အသက်ဆုံးရှုံးစေခြင်း သို့မဟုတ် မွေးရာပါ သန္ဓေသားမူမမှန်ချွတ်ယွင်းမှု ဖြစ်ပေါ်စေခြင်း။

(ဋ) **ခြေရာခံစနစ်** ဆိုသည်မှာ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းအဆင့်များတွင် အလှကုန်ပစ္စည်း၏ လာရာနှင့် လားရာကို နောက်ယောင်ခံသည့် စနစ်ကို ဆိုသည်။

(ဌ) **အာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော မြန်မာနိုင်ငံ အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အလှကုန်ပစ္စည်းများသည် သုံးစွဲသူအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေး စစ်မှန်ကောင်းမွန်စေရန်၊

(ခ) ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသည့် အလှကုန်ပစ္စည်းများကို မှတ်တမ်းတင်ထားရှိရန်၊

(ဂ) ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့ကို ကြီးကြပ်ကွပ်ကဲရန်၊

(ဆက်လက်ဖော်ပြပါမည်)

YPS ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေသည့် ဝန်ဆောင်မှုစတင်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ဝိုင်ဘီအက်စ်ယာဉ်လိုင်းများအနက် ယာဉ်အစီးရေ ၅၉၇ စီးတွင် ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေသည့်ဝန်ဆောင်မှု (Yangon Payment Services-YPS) ကို ယနေ့တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ရန်ကုန်ငွေပေးချေခြင်းဝန်ဆောင်မှု YPS ကတ် စတင်အသုံးပြုနိုင်ခြင်းအစီအစဉ်ကို ယနေ့ နံနက် ၉ နာရီက အွန်လိုင်းစနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းဖြစ်ပြီး ယင်းအစီအစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ Asia Starmar Transport Intelligent Co.,Ltd. မှ Deputy CEO ဖြစ်သူ Ms.Grace Li တို့က ရန်ကုန်ငွေပေးချေခြင်းဝန်ဆောင်မှု YPS ကတ် စတင်အသုံးပြုနိုင်ခြင်းနှင့်ပတ်သက်၍ မှတ်ချက်စကားများ အသီးသီးပြောကြားခဲ့ကြသည်။

အခြေအနေတိုးတက်လာ

"ရန်ကုန်မြို့ရဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုမှာ YBS ဟာ အလွန်အရေးကြီးပါတယ်။ အခက်အခဲဖြစ်နေတာက အဲဒီလို YBS တွေ စီးနင်းလို့ ငွေပေးချေတဲ့အခါ ငွေစက္ကူတွေကို တိုက်ရိုက်ပေးချေရလို့ ငွေအကြွေဖြတ်ရတဲ့ပြဿနာကို ကြုံတွေ့ကြရပါတယ်။ အဲဒီအခက်အခဲကို ပြေလည်စေဖို့ ဒီ YPS စနစ်ကို ထူထောင်ခဲ့တာဖြစ်ပါတယ်။ ဘတ်စ်ကားစနစ်မှာ ကတ်နဲ့အသုံးပြုခြင်းဟာ အခြေခံပြည်သူလူထုတွေကိုယ်တိုင်က ငွေကိုကတ်နဲ့ ပေးချေတယ်ဆိုတဲ့ အခြေအနေတစ်ခုကို တိုးတက်လာတာဖြစ်သလို ဒါဟာ ရန်ကုန်မြို့ရဲ့ပြုပြင်ပြောင်းလဲရေးကဏ္ဍမှာ အရေးကြီးတဲ့သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

YPS ကတ်များအား ရန်ကုန်မြို့ရှိ G&G ဆိုင်ပေါင်း ၁၀၂ ဆိုင်တွင် ဝယ်ယူရရှိနိုင်ရန်စီမံထားကြောင်း၊ ကတ်များသုံးစွဲမှုနှင့်ပတ်သက်၍ သုံးစွဲသူများ၏အခက်အခဲကို ဖြေရှင်းပေးနိုင်ရန် ဆူးလေ၊ သမိုင်းနှင့် တာမွေတို့တွင် YPS Service Center သုံးခုကို ပြင်ဆင်ထားကြောင်း၊ ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဦးစီးပြီး YPS ကတ်အရောင်းနှင့် ငွေဖြည့်ဆိုင် လေးဆိုင်ကို ဆူးလေမြို့တော်ခန်းမရှေ့ ကားမှတ်တိုင်၊ မြန်မာပလာဇာရှေ့ ကားမှတ်တိုင်၊ ရှစ်မိုင်ဂျန်းရှင်းကားမှတ်တိုင်နှင့် ပါရမီညောင်ပင်ကားမှတ်တိုင်တို့အနီးတွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

"YPS ကို စတင်နိုင်ခြင်းဟာ သမိုင်းမှတ်တိုင်သစ်တစ်ခုဖြစ်သလို နောင်ခရီးရှည်ကြီးတစ်ခုရဲ့ အစလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် အကျိုးဖြစ်စေတဲ့ Cashless Eco System တစ်ခုတည်ဆောက်ချင်တာပဲဖြစ်ပါတယ်။ သုံးစွဲသူတွေရဲ့ နေ့စဉ်ဘဝတွေကို ပိုမိုပြည့်စုံစေမယ့် ကတ်အမျိုးအစားတွေနဲ့ ဝန်ဆောင်မှုသစ်တွေကို မိတ်ဆက်သွားမယ့်အစီအစဉ်တွေကိုလည်း စီမံထားပါတယ်။ ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုတွေပေးနိုင်ဖို့အတွက် အားလုံးရဲ့ ကောင်းမွန်တဲ့ဝေဖန်အကြံပြုချက်တွေကိုလည်း ကြိုဆိုပါတယ်" ဟု Ms.Grace Li က ပြောကြားသည်။

အဆိုပါ YPS ကတ်များအား YBS ယာဉ်လိုင်းအမှတ် ၄၃၊ ၆၂၊ ၇၂၊ ၈၇၊ ၈၈၊ ၈၉၊ ၉၆၊ ၁၂၊ ၁၄၊ ၂၅၊ ၃၀၊ ၃၈ တို့တွင် စတင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ YPS ကတ်တစ်ကတ်၏ တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ပြီး အနည်းဆုံး ငွေကျပ် ၁၀၀၀ မှ အများဆုံးငွေကျပ် ၅၀၀၀၀ ထိ ငွေဖြည့်သွင်းထားနိုင်ကြောင်း၊ ပရိုမိုးရှင်းကာလဖြစ်သည့် ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အတွင်း ကနဦးငွေဖြည့်သည့်ပမာဏမှာ ငွေကျပ် ၅၀၀၀ ဖြစ်ပါက YPS ကတ်တစ်ကတ် အခမဲ့ရရှိမည်ဖြစ်ကြောင်း သိရသည်။

တစ်ကြိမ်လျှင် တစ်ဦး

YPS ကတ်ကို အသုံးပြုစီးနင်းရာ၌ ဘတ်စ်ကားပေါ်တက်ရာတွင် အရှေ့တံခါး၌ တပ်ဆင်ထားသော Bus Validator စက်တွင် ကတ်ကိုထိရမည်ဖြစ်ပြီး ကားပေါ်မှ ပြန်ဆင်းရာတွင်လည်း ကတ်ကို Bus Validator စက်တွင် ထပ်မံထိပေးရမည်ဖြစ်ကြောင်း၊ ကတ်ကိုစက်တွင် ထိလိုက်လျှင် စီးနင်းခဲ့သည့်ခရီးစဉ်၏ ကျသင့်ငွေကိုဖြတ်တောက်သွားမည်ဖြစ်ပြီး အကယ်၍ ဘတ်စ်ကားပေါ်မှ အဆင်းတွင် စက်၌ကတ်ကိုထိရန် မေ့လျော့/ပျက်ကွက်ခဲ့ပါက နောက်ခရီးစဉ်အစတွင် စက်ကိုထိလိုက်သည်နှင့် တစ်ပြိုင်နက် ယခင်ခရီးစဉ်တစ်ခုလုံး၏ ကျသင့်နှုန်းထားကို အလိုအလျောက်ဖြတ်တောက်သွားမည်ဖြစ်ကြောင်း၊ YPS ကတ်အားတစ်ကြိမ်လျှင် ခရီးသည်တစ်ဦးအတွက်သာ အသုံးပြုပေးချေနိုင်ပြီး တစ်ဦးနှင့်အထက်ပေးချေ၍ မရကြောင်း သိရသည်။

ရန်ကုန်ငွေပေးချေခြင်းဝန်ဆောင်မှု YPS ကတ် စတင်အသုံးပြုနိုင်မှုနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် အင်းစိန်လမ်းမကြီး သမိုင်းကားမှတ်တိုင်အနီးရှိ Yangon Payment Services(YPS) Card Center(2)၌ ပြုလုပ်ခဲ့ပြီး မီဒီယာများ၏သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ရာမညံ

ဖားကန့်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူ ၁၅၀၀ ကျော်အား ယာယီစခန်းဖွင့်လှစ်နေရာချထား

ဖားကန့် ဇူလိုင် ၂၁

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်း လီဒိုကားလမ်းမပေါ်ရှိ ရှဒူးဇွတ်ကျေးရွာ၌ ယမန်နေ့မှစ၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေခြင်းကြောင့် ရေဘေးသင့်ပြည်သူ ၁၅၀၀ ကျော်အား ဘုန်းတော်ကြီးကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်း၌ ယာယီစခန်းဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားကြောင်း သိရသည်။

ရှဒူးဇွတ်ကျေးရွာတွင် အိမ်ခြေတစ်ထောင်ကျော်နှင့် လူဦးရေတစ်သောင်းခန့်နေထိုင်လျက်ရှိကာ ရေကြီးရေလျှံမှုကြောင့် အိမ်ခြေ ၈၀၀ ခန့် ရေနစ်မြုပ်ကာ လူဦးရေ ၁၅၅၄ ဦး ရေဘေးသင့်ဒဏ်ခံခဲ့ရပြီး KBC နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၊ သာသနာ့ အောင်စံဘုန်းတော်ကြီးကျောင်းတို့တွင် ယာယီရွှေ့ပြောင်းနေရာချထားပေးထားကြောင်း သိရသည်။

အဆိုပါရေကြီးနစ်မြုပ်နေသည့် ရှဒူးဇွတ်ကျေးရွာသို့ ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက သွားရောက်ကာ ကျေးရွာရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နယ်မြေပြည်သူ့စစ်အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးများနှင့် နေရာချထားပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

မန္တလေး၌ တာရိုးကျိုးပေါက်မှုကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအား ကြက်ခြေနီမှ ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ဇူလိုင် ၁၉ ရက်က ရွှေဂဲရေဆိုးထုတ် ရေတံခါးအနီး တာရိုးကျိုးပေါက်မှုဖြစ်ပွားခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထောက်ပံ့ပေးအပ်

ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်သီလွင်နှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာ လုပ်အားရှင်များသည် ဦးလင်းဘုရား ယာယီရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၅၁ စုနှင့် ရန်အောင်မြင်ဘုရား ယာယီရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၁၅ စုတို့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၂၆၆ ပုံးတို့အားလည်းကောင်း၊ ယနေ့တွင် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးခင်မောင်ချိုနှင့်အဖွဲ့သည် ရှင်ပင်ဆပ်သွား ယာယီရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၈၀ အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး ၁၈၀ အားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဝင်းအောင်(MRCS)

ချင်းတွင်းမြစ်ရေ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခွဲခန့်နှင့် ဟုမ္မလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ခန္တီးမြို့နယ် ချောင်းသာကျေးရွာ၌ ရေများဝင်ရောက်

ခန္တီး ဇူလိုင် ၂၁

ခန္တီးမြို့၌ ယနေ့နံနက် ၇ နာရီခန့်က မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် နန်ခမာချောင်းမှရေများ ချောင်းသာကျေးရွာအတွင်းသို့ ဝင်ရောက်လာရာ ချောင်းသာကျေးရွာအနိမ့်ပိုင်းရှိအိမ်ခြေ ၂၈ လုံး ရေနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စု ၂၃ စုမှာ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ပြီး အိမ်ထောင်စုငါးစုမှာ နန်ခမာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

နိုင်ဝင်း(ကြိုးကြာကန်)

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ကျပ် ၅၀၀ တန်ငွေစက္ကူများ စတင်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၁

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ကျပ် ၅၀၀ တန် ငွေစက္ကူများကို မြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့ စတင်လဲလှယ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနေ့မနက်မှာပဲ ဘဏ်တွေမှာ လာရောက်လဲလှယ်နေကြပြီး တစ်ဦးကို နှစ်ရွက်နှုန်းနဲ့ လဲလှယ်ပေးနေတာပါ။ ကျပ် ၅၀၀ တန်သုံးအုပ်ကို ဘဏ်စဖွင့်တာနဲ့ တန်းစီနေသူတွေကို လဲပေးပါတယ်။ နံနက် ၁၀ နာရီလောက်မှာတော့ ဘဏ်ကို ငွေထုတ်၊ ငွေသွင်းတဲ့သူတွေနဲ့ ပင်စင်လာထုတ်သူတွေကိုပဲ လဲပေးပါတယ်။ နောက်ရက်တွေမှာတော့ ထပ်မံလဲပေးသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁) မှ ဘဏ်ဝန်ထမ်းတစ်ဦးက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေကျပ် ၅၀၀ တန်များကို မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁) မှ ဘဏ်မန်နေဂျာ ဒေါ်ဌေးဌေးဝေနှင့် ဘဏ်ဝန်ထမ်းများ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေကျပ် ၅၀၀ တန်ကို (၇၃)နှစ်မြောက်အာဇာနည်နေ့တွင် ထုတ်ဝေခဲ့ခြင်းဖြစ်သော်လည်း ယနေ့ရုံးဖွင့်ရက်ရောက်မှ ပြည်သူများအား လဲလှယ်ပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယမြောက်ထုတ်ဝေ

ပြီးခဲ့သည့်ဇန်နဝါရီလ၌လည်း ဗိုလ်ချုပ်ပုံပါ ကျပ် ၁၀၀၀ တန်ကို လက်ရှိနိုင်ငံတော်အစိုးရလက်ထက် ပထမဆုံးထုတ်ဝေခဲ့ခြင်းဖြစ်သည့်အတွက် ယခုအကြိမ်သည် ဒုတိယမြောက်ထုတ်ဝေခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းပုံပါငွေစက္ကူများကို ဗိုလ်ချုပ်ကိုချစ်မြတ်နိုးကြသူများ၊ ငွေစက္ကူစုဆောင်းကြသူများ၊ သုတေသနမှတ်တမ်းပြုလုပ်ကြသူများက လာရောက်လဲလှယ်လျက်ရှိကြောင်း သိရသည်။

မြင့်မောင်

ကောက်စိုက်စက်ဖြင့် တောင်သူပညာပေးသရုပ်ပြ

ငပုတော ဇူလိုင် ၂၁

တောင်သူများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခေတ်မီကောက်စိုက်စက်များကို အသုံးပြုခြင်းအားဖြင့် စပါးအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းများ သိသာစွာတိုးတက်စေရန်အတွက် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနနှင့် ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် တောင်သူပညာပေးသရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက သက္ကယ်ချောင်းစံပြကျေးရွာရှိ တောင်သူဦးမင်းမင်းကျော်၏ လယ်မြေ ၁၀ ဧကတွင် ဆောင်ရွက်ခဲ့သည်။

သရုပ်ပြစိုက်ပျိုးပွဲသို့ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမိုးကျော်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်သန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းကြောင့် လယ်တစ်ဧကလျှင် စပါးမျိုးစေ့ ရှစ်ပြည်ခန့်သာကုန်ကျမှုရှိပြီး ပျိုးထောင်ရာတွင် ကုန်ကျမှုလျှော့ချနိုင်ခြင်း၊ မျိုးစပါးအသုံးပြုမှုလျှော့ချနိုင်ခြင်း၊ ပေါင်းရှင်းကိရိယာကိုအသုံးပြု၍ ပေါင်းရှင်းနိုင်ခြင်း၊ တမန်းနှိုးနိုင်ခြင်း၊ အချိန်၊ လုပ်သား၊ သွင်းအားစုများကို စိုက်စနစ်များ ထက်လျှော့ချနိုင်ခြင်း၊ ကောက်ကွက်ပြည့်မီသဖြင့် အထွက်နှုန်းကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများကို တောင်သူများအနေဖြင့် ရရှိစေမည်ဖြစ်သည်။

လှမင်းထွဋ်(ပြန်/ဆက်)

မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ အသိပညာပေးဟောပြော လက်ကမ်းစာစောင်များ ဖြန့်ဝေ

သီပေါ ဇူလိုင် ၂၁

မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်နှင့် မော်တော်ဆိုင်ကယ်စီးဦးထုပ် အခမဲ့ဝေငှပေးခြင်းတို့ကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မိုင်းပွန်လမ်း စာတိုက်ထောင့်နှင့် ပြည်ထောင်စုလမ်းမကြီးမီးပွိုင့်တို့တွင် ပြုလုပ်သည်။

ထို့နောက် သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် ၁၂၄ ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါယာဉ်ထိန်းရဲတပ်စိတ်မှူး ရဲတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များက မော်တော်ယာဉ်မောင်းနှင်သူများ၊ ဆိုင်ကယ်စီးနင်းသူများအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှဖြန့်ဖြူးပေးကြသည်။ ဆက်လက်၍ ဆိုင်ကယ်စီးဦးထုပ်မပါသူများအား ဆိုင်ကယ်စီးဦးထုပ်များ ဝေငှလှူဒါန်းပေးပြီး အသိပညာပေးကာလကျော်လွန်ပါက စည်းကမ်းဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးမှုများ ပြုလုပ်ခဲ့သည်။

သီပေါကိုလတ်

နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

စေတုတ္တရာ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ဦးစီးမှူး ဦးထင်အောင်နှင့်အဖွဲ့က စစ်ငန်းကျေးရွာ၊ ဆားတွင်းကျေးရွာနှင့် ဖအိုင်းကျေးရွာတို့မှ ဒေသခံပြည်သူများအား နေ့ချင်းပြီး ဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်းတကော်မြို့၌ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

ပဲခူး ဇူလိုင် ၂၁

ပဲခူးမြို့နယ် အင်းတကော်မြို့ အမှတ် (၅)ရပ်ကွက် ခမိတ် ဘုန်းတော်ကြီးကျောင်း သီရိခေမာဓမ္မဗိမာန်တွင် ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးအပေါ် ထိခိုက်မှု သက်သာရေး (CERP) အရ ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ အင်းတကော်မြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ကိုကိုသိန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပဲခူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်စပယ်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကာကွယ်ခြင်း၊ ဝက်များတွင်ဖြစ်ပွားတတ်သော ရောဂါများနှင့်ကာကွယ်ခြင်း၊ တိုင်းရင်းကြက်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကာကွယ်ခြင်း၊ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ စသည့် အကြောင်းအရာများကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

ဟသ်ာတ၌ ရေဘေးအန္တရာယ်ကာကွယ်ရန် ဖြတ်တာများ ကြိုတင်တည်ဆောက်

ဟသ်ာတ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မြို့၊ ရွာနှင့် သီးနှံစိုက်ခင်းများ နှစ်စဉ် မိုးရာသီ ရေကြီးရေလျှံမှုမှကာကွယ်ရန် ဧရာဝတီ-ဟသ်ာတတာတာမိုင်အလျား ၁၅ မိုင် ၅ ဖာလုံနှင့် ဟသ်ာတကမ်းနားတာ တာမိုင်ဖိမိုင်၅ဖာလုံကိုလည်းကောင်း၊ ဧရာဝတီ-ဟသ်ာတတာနှင့် ဟသ်ာတ-ကမ်းနားတာကြားတို့တွင် ရေကြီးတိုက်စားမှုမှကာကွယ်ရန်အတွက် အင်းမပန်းတာ၊ ဦးမိုးလေးဖြတ်တာ (၁)၊ ဖြတ်တာ (၂) နှင့် ဖြတ်တာ (၃) တို့ကို တည်ဆောက်ထားကြောင်း ဟသ်ာတမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးရာသီကာလ မြစ်ရေကြီးချိန်၌ ဦးမိုးလေး ဖြတ်တာ (၁) ရေတိုက်စားပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါက ဦးမိုးလေးဖြတ်တာ (၁) နှင့် ဖြတ်တာ (၂) အကြားရှိ ကျေးရွာလေးရွာရှိ အိမ်ခြေစုစုပေါင်း ၉၆၀၊ ဘုန်းကြီးကျောင်းလေးကျောင်းနှင့် စာသင်ကျောင်းလေးကျောင်းတို့ ရေဘေးအန္တရာယ်ကျရောက်နိုင်သဖြင့် ဦးမိုးလေးဖြတ်တာ (၁) ၏ နောက်ဘက်ပေ ၁၀၀၀ ခန့်အကွာ၌ ဖြတ်တာအသစ်အား ယခုနှစ်မိုးမကျမီ ဟသ်ာတခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ဟသ်ာတ-ကမ်းနားတာ ၄/၃ နှင့် ၅/၀ အတွင်း ဦးမိုးလေး ဖြတ်တာ(၁) ဘက်သို့ရေတိုက်စားလာခြင်းကြောင့် ဧရာဝတီမြစ်ကမ်းနှင့် ဦးမိုးလေးဖြတ်တာ(၁) အကြား အနီးဆုံးအကွာအဝေးမှာ ၁၁၇ ပေနှင့် အဝေးဆုံးအကွာအဝေးမှာ ၆၇၅ ပေရှိကြောင်း ကမ်းတိုင်းစာရင်းများအရ သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ဇူလိုင် ၂၁ ရက်က လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်သန်းလှိုင်နှင့်အဖွဲ့က လှိုင်မြို့နယ် အမှတ်(၁၅)ရပ်ကွက် ဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား မှုခင်းလျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဟောပြောဆွေးနွေးစဉ်။

ကြေးမုံ

"ဂုဏ်ယူဝမ်းမြောက်ခြင်း"

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၏ (၁၇)ခုမြောက် ဘဏ်ခွဲဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ "လှိုင်သာယာဘဏ်ခွဲ"အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၅) ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ချမှတ်ထားသောမူဝါဒများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဆက်လက်၍ များစွာ အထောက်အကူပြုဆောင်ရွက်သွားနိုင်ကာ အနာဂတ်တွင် အောင်မြင်မှုများ ပိုင်ဆိုင်သော ဘဏ်ကြီးတစ်ခုဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျခိုင်မာသော သက်သေအထောက်အထားများဖြင့် အောက်ပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ
နေပြည်တော်
Email- myanmaracc2014@gmail.com

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄/၆)၊ မြေကွက်အမှတ်(၁၃၄၅+၁၃၄၆)၊ နဝရတ်လမ်း၊(၅)ရပ်ကွက်၊ အကျယ်အဝန်းပေ(၆၀×၅၀)ရှိမြေကွက်နှင့် အဆောက်အအုံအားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းတင် (ခ) တီကွမ်း [၁၂/လမတ(နိုင်)၀၂၇၉၆၅]ထံမှ ကျွန်ုပ် ဦးအောင်ကျော်စိုး [၁၂/မဂဒ(နိုင်)၀၀၈၂၉၂]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအောင်ကျော်စိုး[၁၂/မဂဒ(နိုင်)၀၀၈၂၉၂]
ဖုန်း-၀၉-၅၁၅၃၂၄၄၊ ၀၉-၆၉၅၁၅၃၂၄၄

ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
09-515252

"ကုန်ပစ္စည်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်-၉၈(D) တွင် နေထိုင်သော ဦးရဲမင်းခိုင်(ဘ)ဦးဆန်းလွင်[၁၂/ကမရ(နိုင်)၀၆၁၃၆၄]နှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာအိမ်ရာ၊ တိုက်-၁၊ အခန်း (၁၃)တွင်နေထိုင်သော ဒေါ်မေသီရိဖြူ(ဘ)ဦးသာလှဖြူ[၁၂/ရကန(နိုင်)၀၇၄၇၈၁] တို့သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့်အမှတ်တံဆိပ်မူပိုင်ရှင်များဖြစ်ပါသည်။

Sunny Made with Love　　Sunny Made with Love Kids

မှတ်ပုံတင်စာချုပ်အမှတ်-၅၉၅၀/၂၀၂၀
(နေ့စွဲ-၂၄-၆-၂၀၂၀)

အထက်ဖော်ပြပါ အမှတ်တံဆိပ်များအား အမျိုးသား/အမျိုးသမီး/လူကြီး/လူငယ်/ကလေးဝတ် အဝတ်အစားဒီဇိုင်းအမျိုးမျိုးတို့အား ချုပ်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ၎င်းတို့နှင့်ဆက်စပ်သောပစ္စည်းများဖြစ်သော ဂုတ်တံဆိပ်ဒီဇိုင်းနှင့် ကြယ်သီးဒီဇိုင်းများတွင်အသုံးပြုခြင်း၊ Onlineမှ ရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ လက်လီလက်ကား ဖြန့်ဖြူး၊ ရောင်းချခြင်းတို့၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း အမည်စာသား ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ် မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပ သုံးစွဲခဲ့မည်ဆိုပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးရဲမင်းခိုင်[၁၂/ကမရ(နိုင်)၀၆၁၃၆၄]၊ ဒေါ်မေသီရိဖြူ[၁၂/ရကန(နိုင်)၀၇၄၇၈၁] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)　　ဒေါ်ဇင်မာအေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)　　အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)
The Solution Power Law Firm-အမှတ်(၂၁)၊ မြေညီထပ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘုရားလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂

facebook

အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသော ကြောင့်ဖြစ်စေ တိုက်ရိုက် တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

ဥတုရာသီ　တောကိုမှီ၏

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၄)လမ်း၊ အမှတ်(၅၃၇)၊ တစ်ခန်းတည်း RC(၅)ထပ်တိုက်မှ ၅-လွှာ၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပြည့်ဖြိုးခင်[၁၂/ဗဟန(နိုင်)၀၈၉၂၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိကြိုင် [၁၂/ဒဂမ(နိုင်)၀၂၀၅၅၈]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အိအိကြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
Ph-09-450023651, 09-793568375
Level(၅,၆,၇,၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂ဇက်၁၊ မြေကွက်အမှတ်- V Class ၂၆၁၊ ၂၆၁ အေ၊ မြေကွက်တည်နေရာအမှတ် (၆၇)၊ (၁၆)လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ဒေါ်မြမြ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် (သက်ကုန်)မြေအား ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၆၉/၂၀၀၆ (၁၂-၃-၂၀၀၇) ရက်စွဲပါ အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် အနိုင်ဒီကရီ၊ အရောင်းအဝယ်စာချုပ် အမှတ်-၁၈၂၂/၂၀၁၅ (၁၀-၃-၂၀၁၅) တို့ကိုတင်ပြ၍ ဒေါ်တင်ကြည် [၁၂/လမတ(နိုင်)၀၁၃၂၂၉]၊ ဒေါ်ညိုညို [၁၂/လမတ(နိုင်)၀၂၂၉၂၀]တို့ထံမှ GP အမှတ် ၂၂၁၀၂/၂၀၁၄ (၁၅-၈-၂၀၁၄) ဖြင့် ရရှိသူ ဦးရှိန်ဝင်း [၁၂/ဒဂန(နိုင်)၀၂၁၇၇၆]မှ GP ပေးအပ်သူသည် သက်ရှိထင်ရှားရှိကြောင်းနှင့် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းခြင်းမပြုကြောင်း ကျမ်းကျိန်လွှာ၊ နှစ်(၆၀) မြေငှားဂရန်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၃)ရပ်ကွက်၊ သာစည်လမ်း၊ မြေကွက်အမှတ် (၃၁)ရှိ (အလျားပေ ၄၀xအနံပေ ၆၀)၊ ပါမစ်အမည်ပေါက် (ဒေါ်ခင်ခင်)၊ မြေကွက်အနက်မှ (ခြေရင်းခြမ်း) (အလျားပေ ၂၀xအနံပေ ၆၀)မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသက်ထွန်း[၁၂/ဥကမ(နိုင်)၁၉၁၃၇၃]က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုခဲ့သည့်အတွက် ၎င်းထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် နေအိမ်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိရွှေစင်(LL.B,DBL,DIL)	**ဦးရဲမျိုးမင်းကျော်(LL.B,DBL,DIL)**
(စဉ်-၃၈၉၄၃)	**(စဉ်-၄၈၈၂၁)**

အထက်တန်းရှေ့နေများ
ရုံးခန်း-အမှတ်(၄၉၃)၊ ဝေဘာဂီလမ်းမ၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၀၆၂၉၅၆

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက (သပြု)၊ Grade-10(A) မှ မပေဟသာသော်နှင့် Grade-7(A) (သင်ရိုးသစ်)မှ မယွန်းစုကြည်တို့၏ဖခင် ဦးကျော်ကျော်မင်း၏အမည်မှန်မှာ ဦးကျော်လွင် [၇/ကဝန(နိုင်)၁၁၁၄၀၁] ဖြစ်ပါသည်။ **ဦးကျော်လွင်**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်အိမ်ရာရှိ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၆)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဒါလီ [၁၂/လမန(နိုင်)၀၉၉၇၇၁]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးသိန်းမြင့်၊ ဒေါ်သင်းသင်း [၁၂/လမတ(နိုင်)၀၂၉၃၂၇]၊ [၁၂/လမတ(နိုင်)၀၀၀၈၆၂]မှ ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၄၇၅၊ မြေကွက်တည်နေရာအမှတ်-၄၇၅၊ ဖိုးရာဇာလမ်းနှင့် ရွှေစင်(၆)လမ်းထောင့်၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဘသော် (BDN-၀၆၃၄၄၉)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးဘသော်(ကွယ်လွန်) သဖြင့် ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း [၁၂/သဃက(နိုင်)၀၀၆၁၉၃]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ခင်ပွန်း ဦးဘသော် သေစာရင်း၊ တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်း၊လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဝရဇာ(၆)လမ်း၊ အမှတ်(၇၄၀/က)၊ (၁)ခန်းတည်း RC (၆) ထပ်အဆောက်အဦ၏ (ပဥ္စမထပ်)၊ (၆-လွှာ)၊ ဧရိယာ (၇၉၉) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ကြည်ကြည်မေ [၁၂/ဥကတ(နိုင်)၀၆၀၇၃၀] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်သီရိလွင် [၁၂/သဃက(နိုင်)၁၇၈၃၆၃] က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သီရိလွင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)
Ph-09 421157856,09-798458627
Level (5,6,7,8), Tower(2), HAGL Myanmar Center Tower အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Shwe Yaung Thu Co.,Ltd ၌တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ပိုးချယ်ရီထွန်း[၁၂/အစန(နိုင်)၂၁၈၅၂၆]နှင့် သက်ဆိုင်သူအများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ အမှတ်(၈၉၄-B)နေ Shwe Yaung Thu Co.,Ltd၏ ဒါရိုက်တာ ဦးအောင်မြင့်မြတ် [၁၂/ရကန(နိုင်)၀၇၈၈၈၆]၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

၂။ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဆယ်မိုင်ကုန်း၊ ပန်းဝေသီရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၂၁)နေ ဒေါ်ပိုးချယ်ရီထွန်း [၁၂/အစန(နိုင်)၂၁၈၅၂၆]သည် Shwe Yaung Thu Co.,Ltd၌ Team Leader ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ ဒေါ်ပိုးချယ်ရီထွန်းသည် ကုမ္ပဏီ၏အမည်အား အလွဲသုံးစားပြုလုပ်ပြီး ၎င်း၏ကိုယ်ကျိုးအတွက် သုံးစွဲခဲ့ပါသဖြင့် ၎င်းအား (၁၃-၇-၂၀၂၀)ရက်နေ့မှစပြီး အလုပ်တာဝန်က ထုတ်နုတ်ရပ်နားခဲ့ပြီးဖြစ်ပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီမှ ဝန်ထမ်းမဟုတ်တော့ပါသဖြင့် ဒေါ်ပိုးချယ်ရီထွန်းအနေဖြင့် ကုမ္ပဏီအမည်ကို အသုံးပြုလျက် ဆက်လက်လုပ်ကိုင်နေပါက ဆက်လက်စပ်ဆိုင်သူများသည် ၎င်းနှင့်သာသက်ဆိုင်ပြီး ဖြစ်ပေါ်လာသည့် ကိစ္စရပ်များသည် Shwe Yaung Thu Co.,Ltdနှင့် လုံးဝပတ်သက်စပ်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်ပိုးချယ်ရီထွန်းနှင့် သက်ဆိုင်သူအများကို အသိပေးအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ (၁၃-၇-၂၀၂၀)ရက်မှစ၍ ဒေါ်ပိုးချယ်ရီထွန်းသည် Shwe Yaung Thu Co.,Ltd၏ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီအမည်ကိုအသုံးပြု၍ လုပ်ငန်းများဆက်စပ်ခြင်း ဆက်လက်လုပ်ဆောင်နေခြင်းများ ရှိလာခဲ့ပါက ကုမ္ပဏီ၏ အကျိုးထိခိုက်နစ်နာမှုများအတွက် ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတားမြစ်ထားကြောင်း ဒေါ်ပိုးချယ်ရီထွန်းနှင့် ပတ်သက်သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်စုမြတ်မွန်(စဉ်-၁၄၉၁၈)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၃၁/၅၇)၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၁၂၃၈၇၉၂

တစ်ချက်တည်းကျင်းဝင် (ရန်ကုန်ဂေါက်အသင်း၊ တည်င်းကုန်း)

၂၀၂၀ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့ မွန်းလွဲ (၁:၁၃) နာရီတွင် ရန်ကုန်ဂေါက်အသင်း (တည်င်းကုန်း) ၌ ဒု-ဗိုလ်မှူးကြီး အေးမင်း(ငြိမ်း)သည် ၎င်း၏ ကစားဖော်များဖြစ်ကြသော ဦးအေးမင်း၊ ဦးပေါလေး၊ ဦးဝင်းကြည်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၈) ကို (၁၄၀) ကိုက်အကွာမှ Snall(4) ဘောလုံးအား PRGR Iron (7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အ.ထ.က(ခွဲ)၊ အ.လ.က (၂)၊ ဒသမတန်း(စနစ်သစ်)မှ မလှိုင်းလှိုင်းနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး[၆/လလန(နိုင်)၀၇၂၉၁၅] ဖြစ်ပါသည်။

ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ အလက(ခွဲ) ပိန်းဇလုပ်မှ ဆရာမ ဒေါ်မြင့်ကြည် (လယ်ပြ-၃) [၇/ကတခ(နိုင်)၀၈၂၃၁၀]၏ ဖခင်အမည်မှန်မှာ ဦးလာမဂျန်းဖြစ်ပါကြောင်း။ **ဦးလာမဂျန်း**

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဒေါ်စိန်စိန်[၁၂/ဗဟန(နိုင်)၀၈၀၅၂၆]မှ ဦးခင်မောင်ဝင်း[၁၂/လမန(နိုင်)၀၀၃၂၀၁]ထံသို့ လွှဲအပ်ထားသော (၁၀-၁၁-၂၀၁၆)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၂၅၄)အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စိန်စိန်[၁၂/ဗဟန(နိုင်)၀၈၀၅၂၆]
အမှတ်(၁၁၄)၊ ပထမထပ်၊ ၂၉လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ သောက်တော်တွင်းလမ်း၊ မြံ အမှတ်(၄၄) (က) ဟုခေါ်တွင်သော ဧရိယာ (၂၈x၁၃၇) ပေ အကျယ်မြေ ဦးဖိုးမြိုင်+ဒေါ်စိန်ခက် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား လက်ရှိပိုင်ဆိုင်သူ ဒေါ်လှလှသိန်းနှင့် မောင်နှမ (၇) ဦးထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေသည် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပန်းအိဝင်း (LL.B,LL.M)
အထက်တန်းရှေ့နေ (စဉ်-၄၇၇၆၅)
လိပ်စာ-အမှတ်(၅၃)၊ ဒေါ်သိန်းတင်လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၉၇၆၀၂၈၁၅၀

မခင်သူဇာဝင်း[၁၂/ကတန(နိုင်)၀၆၉၈၈၉]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ကိုကျော်ဆန်းဦး[၁၂/သဃက(နိုင်)၁၇၄၆၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ကိုကျော်ဆန်းဦးနှင့် မခင်သူဇာဝင်းတို့သည် လွန်ခဲ့သော ၂၀၁၅ခုနှစ်ခန့်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်လက်ထပ်ထိမ်းမြားပေါင်းသင်းခဲ့ကြပြီး သား တစ်ဦးထွန်းကားခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ကိုကျော်ဆန်းဦးနှင့်မခင်သူဇာဝင်းတို့သည် ကျောက်တန်းမြို့နယ်၊ ခနောင်ကျေးရွာတွင် မိသားစုအတူတကွ နေထိုင်ခဲ့ကြပါသည်။ ကျွန်ုပ်၏အမှုသည် ကိုကျော်ဆန်းဦးသည် (၃)လပိုင်း ၂၀၁၉ခုနှစ်ခန့်တွင် ဂျပန်နိုင်ငံသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခဲ့ပြီး ဇနီးနှင့် သားတို့အပေါ် လင့်ဝတ္တရား၊ မိဘ၏တာဝန်ဝတ္တရားတို့နှင့်အညီ လစဉ်ထောက်ပံ့ငွေများ ပေးအပ်၍ ကျွေးမွေးစောင့်ရှောက်ခဲ့ပါသည်။ ကိုကျော်ဆန်းဦးသည် ဂျပန်နိုင်ငံသို့ရောက်ရှိနေသည့်အချိန်မှစပြီး ဇနီး မခင်သူဇာဝင်းနှင့်နေ့စဉ် ဖုန်းဖြင့်ပြောဆိုဆက်သွယ်၍ လိုအပ်သည့်ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုကဲ့သို့ ကျွန်ုပ်အမှုသည်က ခင်ပွန်းကောင်းတစ်ဦးအနေဖြင့် ပြုမူဆောင်ရွက်ပေးခဲ့သော်လည်း (၁၂-၇-၂၀၂၀)ရက်တွင် မခင်သူဇာဝင်းသည် ကိုကျော်ဆန်းဦးအား အသိပေးခြင်းမရှိဘဲ သားငယ်ကို ကိုကျော်ဆန်းဦး၏မိဘများထံသို့ ထားရစ်ခဲ့ပြီး ခနောင်ကျေးရွာနေအိမ်မှ ထွက်သွားခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏အမှုသည်အား အသိပေးခြင်းမရှိဘဲ နေအိမ်မှထွက်သွားသော မခင်သူဇာဝင်းအနေဖြင့် ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း နေအိမ်သို့ပြန်လာပါရန်နှင့် တရားမဝင် လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုကျော်ဆန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းထွန်းဦး[LL.B]	**ဦးချမ်းငြိမ်းမောင်[LL.B]**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၂၆)	**အထက်တန်းရှေ့နေ(စဉ်-၄၈၅၀၁)**

